Funded by: UKaid

Towards Results in Education & English

# အားလုံးအကျုံးဝင်သင်ကြားရေးအလေ့အကျင့်

## သင်တန်းသားစာအုပ်



Source: VSO Image library

# သင်ရိုးပိုင်း ၅

# အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ဖန်တီးခြင်း

Implemented by: British Council, The Open University, VSO, montrose

# သင်ရိုးပိုင်း ၅။ အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ် ဖန်တီးခြင်း

## ခြုံငုံသုံးသပ်ချက်

အပြုသဘောဆောင်ကာ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ကို သင်ယူသူအားလုံးအတွက် မည်သို့ ဖန်တီးနိုင်ကြောင်း ကြည့်ရှုလေ့လာသည့် **သင်ရိုးပိုင်း ၁၅ ခုမှ ပဉ္စမပိုင်း**ဖြစ်ပါသည်။ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ကြားရေး အလေ့အကျင့်များသည် ၂၁ ရာစု ကျွမ်းကျင်မှုများဖြစ်သည့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ဆက်သွယ်ရေး၊ ပူးပေါင်း ဆောင်ရွက်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို မည်ကဲ့သို့ အားပေး၊ ပျိုးထောင်၊ အသုံးပြုမည်ဖြစ်ကြောင်း တွေ့ရှိနိုင်ပါမည်။ ဤသင်ရိုးပိုင်းများသည် မြန်မာနိုင်ငံရှိ ပညာသင်ကြားသူများနှင့် ပညာရေးကိုလေ့လာသင်ယူနေသူများအတွက် ဖြစ်ပါသည်။ ကျောင်းသူ/သားနှင့် သင်ယူသူဟူသော ဝေါဟာရများကို သင်ရိုးပိုင်းတစ်လျှောက် လဲလှယ်သုံးစွဲသွားပါမည်။

| သင်ရိုးပိုင်း အမှတ် | သင်ရိုးပိုင်းခေါင်းစဉ် |
|---|---|
| ၁ | အားလုံးအကျုံးဝင်သည့် ကျောင်း၊ စာသင်ခန်းနှင့် ဆရာ/မဟူသည် အဘယ်နည်း |
| ၂ | သင်ယူသူများကိုသိရှိခြင်း |
| ၃ | အားလုံးအတွက် သင်ယူမှုရလဒ်များကို စီစဉ်ရေးဆွဲခြင်း |
| ၄ | သင်ယူသူဗဟိုပြုချဉ်းကပ်နည်းများဖြင့် ပါဝင်ခြင်း |
| **၅** | **အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ဖန်တီးခြင်း** |
| ၆ | ထိရောက်စွာ မေးခွန်းမေးခြင်းနှင့် ပြန်လည်သုံးသပ်မှုပေးခြင်း |
| ၇ | တက်ကြွစွာပါဝင်ခြင်း |
| ၈ | အချင်းချင်းထံမှသင်ယူခြင်း၊ ပါဝင်ကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့်သင်ယူခြင်း |
| ၉ | ကျောင်းသူ/သားတို့၏ စိတ်ခံစားချက်နှင့် လူမှုကိစ္စတွင် သာစေမာစေရေး ပံ့ပိုးပေးခြင်း |
| ၁၀ | မြန်မာနိုင်ငံ အားလုံးအကျုံးဝင်မှုဆိုင်ရာ ဥပဒေမူဘောင်နှင့် မူဝါဒများကိုနားလည်ခြင်း |
| ၁၁ | တစ်ဦးချင်းစီ၏လိုအပ်ချက်များကို ဖြည့်ဆည်းခြင်းဖြင့် ကျောင်းသူ/သားအားလုံးကို ပံ့ပိုးခြင်း |
| ၁၂ | ကျောင်းသူ/သားတို့ တွေ့ကြုံရသည့်အခက်အခဲများကို တိတိကျကျဖော်ထုတ်ခြင်း |
| ၁၃ | ကွဲပြားခြားနားမှုများရှိသော၊ မသန်စွမ်းသော သင်ယူသူများအားလုံးကို ပံ့ပိုးခြင်း |
| ၁၄ | အပြုသဘောဆောင်သည့်အမူအကျင့်ဖြစ်ထွန်းလာစေရန် ဆောင်ရွက်ခြင်း |
| ၁၅ | ကျောင်းသူ/သားများ သင်ယူမှု ပေါက်မြောက်ရေးအတွက် စစ်ဆေးအကဲဖြတ်ခြင်း |

ဤသင်ရိုးပိုင်းသည် အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ကို မည်သို့ ဖန်တီးရမည်ဖြစ်ကြောင်း တွေးတောရာတွင် ကူညီပေးပါမည်။ သင်ယူသူတို့နှင့်သင်၏ အပြန်အလှန်ဆက်ဆံမှုနှင့် ထိုပတ်ဝန်းကျင်တွင် သင်ယူသူတို့၏ ခံစားချက်အပေါ် သက်ရောက်ပုံကို ရှင်းပြပေးပါသည်။ မိမိမှအတန်းတွင်း နေရာထားသိုပုံနှင့် ချမှတ်ထားသည့် ပုံမှန်လုပ်ဆောင်ချက်များကိုလည်း စူးစမ်းလေ့လာပါမည်။

စဉ်းစားဆင်ခြင်သုံးသပ်ချက်များကို သင်ယူမှုဂျာနယ်တွင် မှတ်တမ်းတင်စေမည် ဖြစ်သောကြောင့် မှတ်စုကောင်းကောင်းရေးပြီး မိမိ၏ လက်ရှိနှင့် အနာဂတ်အလေ့အကျင့်အကြောင်း စေ့စေ့စပ်စပ်၊ နက်နက်နဲနဲတွေးတောရန် အရေးကြီးပါသည်။ ဤ ဆရာ

အတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး(CPD)သင်ရိုးသည် သင်နှင့်လုပ်ဖော်ကိုင်ဖက်များအကြား လုပ်ငန်းတူအုပ်စုများ ဖော်ဆောင်ရန်လည်းအားပေးပါသည်။ မိမိသင်ကြားရေးတွင် အားလုံးအကျုံးဝင်သည့်အလေ့အကျင့်များ အသုံးပြုမှုကို ပံ့ပိုးပေးကာ ပိုမိုကျယ်ပြန့်စေမည်ဖြစ်ပြီး ဆရာအတတ်သင် ကျောင်းသူ/သားများ၏ သင်ယူမှုနှင့် အနာဂတ်လုပ်ငန်းခွင် အလေ့အကျင့်အတွက် အားလုံးအကျုံးဝင်မှုကို အခြေပြု တည်ဆောက်စေနိုင်မည်ဖြစ်ပါသည်။

## သင်ယူမှုဂျာနယ်

သင်ရိုးပိုင်းတစ်လျှောက် မိမိ၏ ပြန်လည်သုံးသပ်ချက်များကို သင်ယူမှုဂျာနယ်အတွင်း ရေးမှတ်ထားလျှင် အသုံးဝင်နိုင်ပါသည်။

သင်ယူမှုဂျာနယ်သည် ဒစ်ဂျစ်တယ် (ဥပမာ Word သို့ Google Docs)သော်လည်းကောင်း၊ စာရွက်အပေါ်သော်လည်းကောင်း ဖြစ်နိုင်ပါသည်။ မိမိအတွေးများကိုသူတစ်ပါးနှင့်ဝေမျှလိုလျှင် ဂျာနယ်စာမျက်နှာများကိုဓာတ်ပုံရိုက်နိုင်ပါသေးသည်။ စိတ်ကူးများ၊ အတွေးအမြင်များကို နောင်လုပ်ဆောင်ချက်များနှင့် မိမိ၏သင်ကြားရေးတွင် သုံးနိုင်သောကြောင့် မှတ်တမ်းတင်ထားရန် အရေးကြီးပါသည်။



Source: Rose, N. (2018) Personal Learning Journals

အောက်ပါတို့သည် သင်ယူမှုဂျာနယ်ကောင်းတစ်ခုအတွက်အသုံးဝင်မည့် အကြံပြုချက်အချို့ဖြစ်ပါသည်။

- ဂျာနယ်တွင်းရေးသွင်းသမျှ ခေါင်းစဉ်နှင့် ရက်စွဲထည့်ပါ။
- လုပ်ဆောင်ချက်နှင့် ဆက်စပ်သည့် ဆင်ခြင်သုံးသပ်မှုများအတွက် သက်ဆိုင်ရာလုပ်ဆောင်ချက်နံပါတ်ကို သုံးပါ။ ဥပမာ လုပ်ဆောင်ချက် ၁.၁။
- အထောက်အကူဖြစ်သည့် အခြားမည်သည့် အရင်းအမြစ်ကိုမဆို ရည်ညွှန်းပါ။
- လုပ်ဆောင်ချက်အဖြေကို မှတ်သားပါ။
- မိမိ၏သင်ယူမှုအကြောင်း သုံးသပ်ချက်ရေးပါ။
- ဝေါဟာရအသစ်များကို ရေးမှတ်ပါ။
- ဆက်လက်လေ့လာလိုသော အကြောင်းအရာများကို ဖော်ထုတ်ပါ။

မိမိအသုံးပြုရလွယ်ကူရန်အရေးကြီးပါသည်။ အောက်ပါလွယ်လွယ်ရှင်းရှင်းမေးခွန်းများကို ဖြေကြားသည့် မှတ်စုများ ရေးနိုင်သည်။

ဒီနေ့ဘာလေ့လာခဲ့သလဲ။

မိမိအလုပ်မှာ ဘယ်လိုသုံးနိုင်မလဲ။

လွယ်ကူသလား။ ခက်ခဲသလား။ ဘာကြောင့်လဲ။

မိမိ/မိမိကျောင်းသူ/သားများကို ဘယ်လိုကူညီနိုင်မလဲ။

ဒီခေါင်းစဉ်အကြောင်း ဘာလေ့လာဖို့ လိုသေးသလဲ။

ဤမေးခွန်းများသည် တစ်ကမ္ဘာလုံးတွင် အသုံးပြုသည့် သင်ယူ/အသုံးချ/သုံးသပ် (learn, apply, reflect) စံပြုပုံစံကို ကျင့်သုံးကြောင်း တွေ့နိုင်ပါသည်။ CPD ခရီးနှင်ရင်း ဂျာနယ်ကိုပြန်ကြည့်ပြီး တိုးတက်မှုကို ပြန်လည်သုံးသပ်နိုင်ပါသည်။

## လေ့လာနည်းအကြံပြုချက်

ယူနစ်တစ်ခုလုံး တစ်ကြိမ်တည်းအကုန်ပြီးအောင် လုပ်မည့်အစား လုပ်ဆောင်ချက်များကို အချိန်ယူလုပ်ပါ။ အချိန်ဇယားတစ်ခု ဆွဲပြီး အချိန်တစ်ခုရွေးချယ်ကာ လုပ်ဆောင်ဖွယ်များလုပ်ပါ။ ထို့နောက် လုပ်ဖော်ကိုင်ဖက်များနှင့် အဖြေတိုက်ပြီး စစ်ဆေးပါ။ နောက်ဆုံး လုပ်ရင်းကိုင်ရင်း သင်ယူမှုဂျာနယ်တွင် မှတ်စုကို မှတ်မှတ်ရရရေးပါ။ ယူနစ်များပြီးအောင်လုပ်ရင်း မိမိတွင် ဖွံ့ဖြိုးလာသည့် ကျွမ်းကျင်မှုနှင့်အသိပညာများကို ပိုမိုမှတ်မိရန် အထောက်အကူပြုပါလိမ့်မည်။

## တစ်ဦးချင်း (သို့) လုပ်ငန်းဖော်များနှင့်လုပ်ကိုင်ခြင်း

ဤယူနစ်ကို ကိုယ်တိုင်လေ့လာနိုင်ရန် (သို့) ဆရာမှဦးဆောင်ရန် ပုံစံချမှတ်ထားပါသည်။ အဖြေကို လုပ်ဆောင်ချက်အဆုံးတွင် တွေ့နိုင်ပါသည်။ သို့ရာတွင် အတွေးအမြင်နှီးနှောရန်၊ မေးခွန်းမေးရန်၊ မိမိလုပ်ထားသည်ကိုစစ်ဆေးရန်နှင့် သုံးသပ်ချက်ပေးရန် ဖြစ်နိုင်လျှင် **နှစ်ယောက်တွဲ သို့မဟုတ် အုပ်စုဖွဲ့**လုပ်ဆောင်ရန် အကြံပြုအပ်ပါသည်။
အုပ်စုဖွဲ့လုပ်ဆောင်လျှင် 'Think, pair, share'နည်းကို သုံးရန်အကြံပြုအပ်ပါသည်။




## သင်ရိုးပိုင်း ၅ - သင်ယူမှုရလဒ်များ

**ဤသင်ရိုးပိုင်းကိုလေ့လာခြင်းဖြင့် အောက်ပါတို့ကို သင် လုပ်ဆောင်နိုင်ပါမည်။**

**၁. အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်၏ အခြေခံအကြောင်းအချက်များကို ဖော်ထုတ်ပြီး သုံးသပ်အကဲဖြတ်ခြင်း**

**၂. ကျောင်းသူ/သားအားလုံး ပါဝင်နိုင်အောင် နည်းဗျူဟာများ ဖော်ထုတ်ပြီးရှင်းပြခြင်း**

**၃. အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ကို ဖန်တီးရာတွင် ဆရာ/မတို့၏ဩဇာကို ဆွေးနွေးခြင်း**

**၄. သင်ယူသူအားလုံးအတွက် အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ကို ဖန်တီးရန် အစီအစဉ်ဆွဲခြင်း**

# ၁. နိဒါန်း

ပြီးခဲ့သည့်သင်ရိုးပိုင်းတွင် မိမိအတန်း၌ သင်ယူသူတို့သင်ယူမှုအတွက် ၎င်းတို့ကိုယ်တိုင်တာဝန်ယူသည့်၊ အစဉ်အလာဆရာဗဟိုပြုချဉ်းကပ်မှုများနှင့်လည်း အလွန်ခြားနားသော သင်ယူသူဗဟိုပြုချဉ်းကပ်မှုများအသုံးပြုပုံ အသိပညာကိုမိတ်ဆက်ခဲ့ပြီ။ အစဉ်အလာ ဆရာဗဟိုပြုချဉ်းကပ်မှုနှင့် သင်ယူသူအားလုံးအတွက် ၂၁ ရာစု ကျွမ်းကျင်မှုများဖွံ့ဖြိုးရေး ဖော်ဆောင်ပေးနိုင်မည့် ခေတ်သစ်စာသင်ခန်းတွင် သင်ကြားပုံတို့၏ ခြားနားပုံအကြောင်း စူးစမ်းလေ့လာခဲ့ပြီ။ သင်ယူသူအားလုံး ထိထိရောက်ရောက် ပါဝင်၍ပူးပေါင်းလုပ်ဆောင်စေရန် အုပ်စုများစီမံခန့်ခွဲနည်းအား အသုံးပြုပုံကိုလည်း သုံးသပ်ခဲ့ပြီ။

ယခင်အားလုံးအကျုံးဝင်အလေ့အကျင့်နှင့် သင်ရိုးပိုင်းတို့အပေါ် အခြေပြုတည်ဆောက်ထားသော အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ် ဖန်တီးမည့် အတွေးအမြင်ကို ဤ**ပဉ္စမသင်ရိုးပိုင်း**မှ မိတ်ဆက်ပေးပါသည်။ ကျောင်းနှင့် စာသင်ခန်းသည် မည်မျှအပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ဖြစ်ကြောင်း သုံးသပ်ဆင်ခြင်ခြင်းဖြင့် သင်ယူသူအားလုံး ပါဝင်လုပ်ဆောင်မှုကို အားပေးခြင်းကိုလည်း ကြည့်ကြပါမည်။

အောက်ပါတို့ကို လုပ်ဆောင်ရပါမည်။

- ✓ 'အပြုသဘောဆောင်ပတ်ဝန်းကျင်ဖန်တီးခြင်း၊ မေးခွန်းမေးမြန်းခြင်းနှင့် တုံ့ပြန်ဖြေကြားခြင်း'အကြောင်း ဖတ်ရှုခြင်း
- ✓ ဗီဒီယိုကြည့်ပြီး ခွဲခြမ်းစိတ်ဖြာသုံးသပ်ပေးခြင်း
- ✓ လုပ်ဆောင်ချက်များကို တစ်ဦးချင်း၊ နှစ်ယောက်တွဲနှင့် အုပ်စုငယ်ဖွဲ့ လုပ်ဆောင်ခြင်း
- ✓ သင်ရိုးပိုင်းအဆုံးသတ်ပဟေဠိကို ဖြေဆိုခြင်း
- ✓ မိမိအတွေ့အကြုံနှင့် အသိပညာကို ပြန်လည်သုံးသပ်ခြင်း
- ✓ တပည့်များအား ကတိပေးခြင်း

'အားလုံးအကျုံးဝင်ပြီး သင်ယူသူတို့အားအကျိုးပြုသည့် စာသင်ခန်းများကိုစီမံခန့်ခွဲခြင်း' အကြောင်း **စာအုပ်ငယ် ၅** - ၅.၂ နှင့် ၅.၃ တို့ကို ဖတ်ရှုစေလိုပါသည်။ https://unesdoc.unesco.org/ark:/48223/pf0000137522 (Creative Commons) တွင် မြန်မာမှုကို တွေ့နိုင်ပါသည်။ UNESCO ဝက်ဘ်ဆိုက်တွင်အောက်ပါအဆင့်များလုပ်ဆောင်ပြီး ဝင်ရောက်နိုင်ပါသည်။




သို့မဟုတ် နောက်ဆက်တွဲ ၁ - အထက်ပါ **စာအုပ် ၅** ကို မှီငြမ်းထားသည့် (**ပိုမိုရှင်းလင်းသော**) ပိုမို **လွယ်ကူရှင်းလင်းအောင်ရေးသားထားသော စာတစ်ပုဒ်**ကို ဖတ်ရှုပါ။

ဤသင်ရိုးပိုင်း **ပြီးအောင်လုပ်ရန် ၈ နာရီနီးပါး**ကြာမြင့်ပါမည်။ ပျော်ရွှင်ဖွယ်သင်ယူမှု အတွေ့အကြုံရစေရန် အချိန်ယူလုပ်ဆောင်ပါ။

## သင်္ကေတအညွှန်း

| | |
|---|---|
| A | **လုပ်ဆောင်ချက် (Activity) – ပြီးအောင်လုပ်ရမည့်အလုပ်ဖြစ်သည်** |
| Q | **မေးခွန်း (Question/s)** – မေးခွန်းများဖြေဆိုပါ |
| R | **ပြန်လည်သုံးသပ်ချက် (Reflection)** –မိမိ မည်သို့ခံစားရကြောင်း စေ့စေ့စပ်စပ်တွေးပါ |
| LJ | **သင်ယူမှုဂျာနယ် (Learning Journal) –** သင့်အဖြေကို သင်ယူမှုဂျာနယ်တွင်ရေးပါ |
| | **ဖတ်ပါ (Read) –** ပေးထားသည့်စာကိုဖတ်ပါ။ မှတ်စုရေးလိုကရေးပါ။ |

## ၁.၁ ယခင်သင်ယူမှုနှင့်အချိတ်အဆက် - သင်ရိုးပိုင်း ၄ (သင်ယူသူဗဟိုပြုသင်ယူမှု)

သင်ရိုးပိုင်း ၄ ကို ပြန်တွေးပါ။ အောက်ပါ အဓိပ္ပါယ်ဖွင့်ဆိုချက် ၃ ခုကို ဖတ်ရှုပြီး မည်သည်က **သင်ယူသူဗဟိုပြုချဉ်းကပ်မှု**ကို အကောင်းဆုံး ထင်ဟပ်ပါသနည်း။

### အဓိပ္ပါယ်ဖွင့်ဆိုချက် ၁

ကျောင်းသူ/သားဗဟိုပြု သင်ယူမှုဟူသည်မှာ သင်ယူမှုလုပ်ငန်းစဉ်ကို ဆရာ/မက ထိန်းကိုင်ထားသည့် ချဉ်းကပ်မှုဖြစ်ပါသည်။ ကျောင်းသူ/သားတို့သည် မိမိတို့အတူတူလုပ်ကိုင်လိုသူကို ဆုံးဖြတ်နိုင်သော်လည်း အတန်းဖော်များနှင့် အတန်းတွင်းသာ ဖြစ်ရပါမည်။ ခက်ခဲသည့် မေးခွန်းတို့ကို များသောအားဖြင့် ကျောင်းသူ/သားတစ်ဦးချင်းဖြေဆိုရလေ့ရှိကြပါသည်။ ပဥ္စမတန်းတွင် ကျောင်းသူ/သားတို့သည် ဖန်တီးရသည့်လုပ်ငန်းတစ်ခု လုပ်ရပါသည်။ ကျောင်းသူ/သားအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို ရံဖန်ရံခါ အားပေးသော်လည်း တစ်နှစ်လျှင် နှစ်ကြိမ် သုံးကြိမ်မျှသာ ကန့်သတ်ထားပါသည်။

### အဓိပ္ပါယ်ဖွင့်ဆိုချက် ၂

ကျောင်းသူ/သားဗဟိုပြုသင်ယူမှုဟူသည်မှာ သင်ယူမှုလုပ်ဆောင်ချက်အကြောင်းအရာ၊ အရင်းအမြစ်၊ ပစ္စည်း၊ နေရာနှင့် သင်ယူမှုနှုန်းထားတို့ကို ကျောင်းသူ/သားတို့က သက်ရောက်နိုင်၊ ဆုံးဖြတ်နိုင်သော ချဉ်းကပ်နည်းဖြစ်ပါသည်။ အားလုံး အကျုံးဝင်မှုကို ပံ့ပိုးသော သင်ယူမှုလုပ်ငန်းစဉ်ဗဟိုချက်တွင် ကျောင်းသူ/သားတို့ကိုထားရှိပါသည်။ ကျောင်းသူ/သားတို့ နှစ်ယောက်တွဲနှင့် အုပ်စုဖွဲ့ လွတ်လပ်စွာသင်ယူနိုင်ရန် ကူညီပံ့ပိုးသူကအားပေးပြီး အခွင့်အလမ်းပေးထားပါသည်။ သင်ယူမှုကို ကျောင်းသူ/သားနှင့် ကူညီပံ့ပိုးသူတို့က စီစဉ်ပြီး လုပ်ဆောင်ချက်တစ်လျှောက် မှန်မှန်စောင့်ကြည့်လေ့လာ၊ တုံ့ပြန်ဖြေကြားကာ ပြန်နွေးကြပါသည်။ ၂၁ ရာစု ကျွမ်းကျင်မှုများ ဖွံ့ဖြိုးရန် ကျောင်းသူ/သားတို့ကို နက်နက်နဲနဲတွေးတောစေပါသည်။ ဆက်သွယ်ရေး၊ ဝေဖန်ပိုင်းခြား တွေးခေါ်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့အတွက် ကျွမ်းကျင်မှုများကို ဖော်ဆောင်ရန်ဖြစ်ပါသည်။

### အဓိပ္ပါယ်ဖွင့်ဆိုချက် ၃

ဆရာ/မကမေးခွန်းမေးသည့်အခါ တစ်တန်းလုံးသံပြိုင်ဖြေဆိုခြင်းဖြင့် ကျောင်းသူ/သားဗဟိုပြုသင်ယူမှုက ပူးပေါင်းဆောင်ရွက်မှုကို အားပေးပါသည်။ သင်ကြားချိန် ၈၀ ရာနှုန်းမျှ ဆရာ/မက ပို့ချခြင်း၊ သရုပ်ပြခြင်းတို့လုပ်ဆောင်ပါသည်။ တိတ်တိတ်ဆိတ်ဆိတ်ထိုင်ပြီး မေးခွန်းလည်းမမေးရခြင်းကို ကျောင်းသူ/သားတို့ ကြိုက်ပုံရပါသည်။ ချမှတ်ပေးသည် လုပ်ဆောင်ချက်များမှာလည်း ပျင်းစရာကောင်းပြီး သင်ယူသူတို့၏ဖန်တီးမှုကိုလည်း လှုံ့ဆော်ခြင်းမပြုပါ။ အဖြေကို မှတ်သားရန်သာ သင်ယူသူတို့သင်ယူကြသည်။

### ၁.၁ အဖြေ

အကောင်းဆုံး အဓိပ္ပါယ်ဖွင့်ဆိုချက် - ၂

**မှတ်ချက် -** သင်ယူသူဗဟိုပြုခြင်းအတွက် အဓိပ္ပါယ်ဖွင့်ဆိုချက်များစွာ ရှိပါသည်။

မှတ်သားရန်

- သင်ခန်းစာများမှာ သင်ယူသူဗဟိုပြုပြီး တစ်ဦးချင်းအတွက် ပြင်ဆင်ထားသည်။
- သင်ယူသူတို့ ရွေးစရာရှိပါသည်။
- တစ်ဦးချင်း၊ အဖွဲ့လိုက်လုပ်ဆောင်ခြင်း စသည်ဖြင့် ချဉ်းကပ်ပုံ အမျိုးမျိုး ရှိပါသည်။
- ၂၁-ရာစုကျွမ်းကျင်မှုများကို ဖွံ့ဖြိုးစေပါသည်။
- သင်ယူသူနှင့် သင်ခန်းစာကိုပြင်ဆင်ထားပြီး စောင့်ကြည့်လေ့လာကာ တုံ့ပြန်ဖြေကြားလျက် ဖွံ့ဖြိုးစေပါသည်။
- **သင်ယူသူတို့သည် သင်ယူမှုတွင် ပဓာနကျပါသည်။**



Source: www.myanmargraphic.com (free use)

Funded by: UKaid

Towards Results in Education & English

## ၁.၂ အားလုံးအကျုံးဝင်အလေ့အကျင့်တွင် သင်ယူသူတို့ပဓာနကျပါသည်

သင်ကြား/သင်ယူမှု၏ **အားလုံးအကျုံးဝင် အလေ့အကျင့်တွင် သင်ယူသူတို့ ပဓာနကျကြောင်း** ပြီးခဲ့သည့် သင်ရိုးပိုင်းတိုင်းတွင် အထပ်ထပ်ပြောခဲ့ပါသည်။ လေ့လာခဲ့သမျှ သင်ရိုးပိုင်းများကိုလည်းကောင်း၊ ဆရာ/မဖြစ်သည့် မိမိနှင့် သင်ယူသူတစ်ဦးချင်းအပေါ် ယင်းတို့သက်ရောက်နိုင်ပုံကိုလည်းကောင်း ဤစာမျက်နှာတွင် ပြန်နွှေးပေးပါမည်။

သင်ရိုးပိုင်း ၁- အများအကျုံးဝင်သည့် ကျောင်း၊ စာသင်ခန်းနှင့် ဆရာ/မ

သင်ရိုးပိုင်း ၂ - သင်ယူသူများကိုသိရှိခြင်း နှင့် အာရုံအမျိုးမျိုးဖြင့် သင်ယူမှု



သင်ရိုးပိုင်း ၃ - အားလုံးအတွက် သင်ယူမှုရလဒ်များကို စီစဉ်ရေးဆွဲခြင်း

သင်ရိုးပိုင်း ၄ - သင်ယူသူဗဟိုပြုချဉ်းကပ်နည်းများနှင့် အုပ်စုဖွဲ့လုပ်ဆောင်ချက်တို့ဖြင့် ပါဝင်ခြင်း

ဆရာ/မနှင့် ကူညီပံ့ပိုးသူတို့တွင် မှန်ကန်သည့် **သဘောထား**နှင့် **တန်ဖိုးထားမှုများ** ရှိမှသာလျှင် အားလုံးအကျုံးဝင် အလေ့အကျင့်သည် ထိရောက်ပါမည်။ သင်ယူသူတို့သည် ကျောင်းသူ/သား အရေအတွက်မျှသာမဟုတ် လူသားများဖြစ်ကြောင်း သတိချပ်ကာ  ဆရာ/မသည် သင်ယူသူတစ်ဦးချင်းအား မျှမျှတတ၊ တန်းတူရည်တူ ဆက်ဆံလျက် ၎င်းတို့သည် သင်ယူမှုတွင် ပဓာနကျကြောင်း ယုံကြည်ရန်လိုပါသည်။

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

Funded by: UKaid

Towards Results in Education & English

## ၂. အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်

သင်ယူသူ၏ကျောင်းနှင့်စာသင်ခန်းဝန်းကျင် မည်မျှအပြုသဘောဆောင်ကြောင်းကိုသုံးသပ်ပြီး သင်ယူသူအားလုံး ပါဝင်လာအောင် အားပေးပုံကို ဤသင်ရိုးပိုင်းတွင် ဆက်ကြည့်ကြပါမည်။ သင်ယူသူအားလုံး၏ သင်ယူမှုထိရောက်စေရေးအတွက် ၎င်းတို့ ပျော်ရွှင်၊ လုံခြုံပြီး စိတ်ပါဝင်စားကာ ၎င်းတို့ကိုအားပေးသော၊ တန်ဖိုးထားသော ဝန်းကျင်တစ်ရပ် ဖန်တီးပေးရန် လိုအပ်ပါသည်။ အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ် ဖန်တီးခြင်းဖြင့် ကျောင်းသူ/သားများသည် သင်ယူမှုကို အပြည့်အဝ အာရုံစိုက်ပြီးတွေးနိုင်ပါမည်။ အားလုံးအကျုံးဝင်အလေ့အကျင့်အကြောင်း တွေးသည့်အခါတိုင်း အမြဲတမ်း သင်ယူသူတို့ကို ဦးတည်စူးစိုက်ပြီး ပိုင်းခြားစိတ်ဖြာသုံးသပ်ရမည်ဖြစ်ကြောင်း မှတ်သားပါ။ အတန်းတွင်း မတူကွဲပြားမှုကို မိမိ မည်မျှတန်ဖိုးထားကြောင်း စဉ်းစားရင်း ထိုအချက်ကို နှလုံးပိုက်ထားပါ။

### ၂.၁. မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်ခြင်း

ပြန်လည်သုံးသပ်ချက် - '**အပြုသဘောဆောင်သည့်စာသင်ခန်းဝန်းကျင်**'ကို မည်မျှနားလည်သည်ဟု ထင်ပါသနည်း။ အောက်ပါစကေးမှ မိမိကို အတိကျဆုံးဖော်ပြသည့် ကိန်းဂဏန်းတစ်ခုကိုရွေးပါ။ သင်ယူမှုဂျာနယ်တွင်ဖြေဆိုပါ။

| သိပ် နားမလည်ပါ | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | ကောင်းကောင်း နားလည်ပါသည် |
|---|---|---|---|---|---|---|---|---|---|---|---|

သင်ရိုးပိုင်းအဆုံးတွင် ထပ်မံလုပ်ဆောင်ရပါမည်။

'**အပြုသဘောဆောင်သည့်သင်ယူမှုဝန်းကျင်**'အဓိပ္ပါယ်ကို ရှင်းရှင်းလင်းလင်းသိရန် အရေးကြီးပါသည်။ အဆိုပါ ဝေါဟာရရှိ စကားလုံး တစ်လုံးချင်းကို ရင်းနှီးသွားစေရန် အောက်ပါလုပ်ဆောင်ချက်ကို ချမှတ်ပေးထားပါသည်။

**လုပ်ဆောင်ချက် ၅.၁ အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင် အဓိပ္ပါယ်ဖွင့်ဆိုချက် (၁၅ မိနစ်)**

'**အပြုသဘောသည့်ဆောင်သင်ယူမှုဝန်းကျင်**'မှ စကားလုံးများကို အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ၄င်းတို့၏အဓိပ္ပါယ်ဆင်တူသော စကားလုံးများကို ဖတ်ရှုပါ။

| | |
|---|---|
| **အပြုသဘောဆောင်သည့်** | **အဓိပ္ပါယ်** - ဖေးမသော၊ အကောင်းမြင်သော (သို့) ယုံကြည်စိတ်ချသော |
| | **အနက်တူစကားလုံးများ** - လက်တွေ့ကျသော၊ အသုံးဝင်သော၊ အကျိုးရှိသော၊ အထောက်အကူ ပြုသော၊ ထိုက်တန်သော၊ ကျေးဇူးပြုသော၊ ထိရောက်သော၊ မျှော်လင့်ချက်ရှိသော |

| | |
|---|---|
| **သင်ယူမှု** | **အဓိပ္ပါယ်** - လေ့လာမှု၊ အတွေ့အကြုံ (သို့) သင်ကြားခံရခြင်းဖြင့် အသိပညာ၊ ကျွမ်းကျင်မှုများ ရရှိခြင်း |
| | **အနက်တူစကားလုံးများ -** လေ့လာခြင်း၊ ပညာရေး၊ ကျောင်းတက်ခြင်း၊ ပညာသင်ခြင်း၊ သင်ပေးခြင်း၊ သင်ကြားခြင်း၊ ပညာရေးလုပ်ဆောင်မှု၊ သင်ပြမှု |

Implemented by: British Council, The Open University, VSO, montrose

| | |
|---|---|
| **ပတ်ဝန်းကျင်** | **အဓိပ္ပါယ်** - လုပ်ဆောင်ချက်တစ်ရပ်ကို ဆောင်ရွက်သည့် ဘေးပတ်ဝန်းကျင်၊ အနေအထား (သို့) အခင်းအကျင်း |
| | **အနက်တူစကားလုံးများ** - အခြေအနေ၊ အနေအထား၊ အခင်းအကျင်း၊ တည်နေရာ၊ နေရာတစ်ခု၏ ဝလေ့စရိုက်၊ စိတ်နေစိတ်ထား |

အထက်ပါ ဖွင့်ဆိုချက်များနှင့် အနက်တူစကားလုံးများကို သုံးလျက် မိမိအတွက် 'အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်'က မည်သို့ဆိုလိုကြောင်း **ကိုယ်ပိုင်အဓိပ္ပါယ်ဖွင့်ဆိုချက်** ရေးပါ။ သင့်အတွေးများကို သင်ယူမှုဂျာနယ်တွင်ရေးပါ။ ဖြစ်နိုင်လျှင် လုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့် ဆွေးနွေးပါ။

**အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်**ဆိုသည်မှာ...

## ၂.၂ အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ဖွင့်ဆိုချက်

### ၅.၁ ဆွေးနွေးချက် - အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ဖွင့်ဆိုချက်

ပတ်ဝန်းကျင်ဆိုသည်မှာ သင်ယူမှုကို ပိုလွယ်(သို့)ပိုခက်စေအောင်၊ စိတ်အားတက်ကြွဖွယ် (သို့)စိတ်မပါဖွယ်ဖြစ်အောင်၊ ပျော်စရာ (သို့) စိတ်ညစ်စရာကောင်းအောင် ဆရာ(သို့)ဆရာမ၊ ကျောင်းသူ(သို့)သားတို့မှ စာသင်ခန်းတွင်း ဖန်တီးလိုက်သည့် စိတ်နေစိတ်ထား (သို့)ခံစားချက် ဖြစ်ပါသည်။ စာသင်ခန်းနှင့်ကျောင်းဟူသည့် ရုပ်ဝန်းကျင်နှင့် သင်ယူသူတို့မှ ခံစားစေပုံဖြစ်ပါသည်။ သင်ခန်းစာတစ်လျှောက် သင်ယူသူတို့စိတ်ချလက်ချ ပါဝင်လာအောင် နည်းအမျိုးမျိုးဖြင့် အားပေးပါသည်။ သင်ယူသူတို့ လုံလုံခြုံခြုံဆက်သွယ်ကြ၊ စွန့်စားကြ၊ မေးခွန်းမေးမြန်းကြကာ တိုးတက်မည့် နေရာဖြစ်ပါသည်။ သင်ယူသူတို့ စိတ်အား တက်ကြွပြီး ပိုမိုမြင့်မားသည့် ရလဒ်ရစေနိုင်မည့် အကောင်းမြင်သော (မိမိလုပ်နိုင်သည်)ဟူသော သဘော ထားရှိရန်ဖြစ်ပါသည်။

သင်တွေ့ကြုံခဲ့သည့် ဝန်းကျင်တစ်ခုအကြောင်း စဉ်းစားပြီး သင်ယူမှုဂျာနယ်တွင် **အသေးစိတ်အချက်များ ထပ်ထည့်**ပါ။

## လုပ်ဆောင်ချက် ၅.၂ - ဖြစ်ရပ်လေ့လာချက် - နှင်းနွေး၏ခံစားချက်များ (၁၅ မိနစ်)

အောက်ပါ ဖြစ်ရပ်လေ့လာချက်ကိုဖတ်ပါ။



**ဖြစ်ရပ်လေ့လာချက်အတို - ပြန်လည်သုံးသပ်ခြင်း**

နှင်းနွေးသည် စတုတ္ထတန်းတက်နေပြီး ဆရာ/မသစ်(အေးထိုက်)ရောက်လာသည်မှာ ၄ လ ကြာပါပြီ။ ဆရာမအတန်းကို နေ့တိုင်းတက်သည်၊ စာသင်ရသည်ကိုလည်းကြိုက်သည်။ သို့သော် ဆရာ/မသစ်က သူ့အမည်ကို တစ်ခါမှ မခေါ်ပါ။ မေးခွန်းလည်း သူ့အား တစ်ခါမှ မမေးဘဲ အခြားများကိုသာ ဖြေခိုင်းကြောင်း သတိထားမိပါသည်။ ဆရာ/မသစ်က သူ့ကိုလျစ်လျူရှုသည်ဟု နှင်းနွေးခံစားရပြီး သူလုပ်သည့်စာတွင် စိတ်ဝင်စားမှု လုံးဝမပြပါ။ ထို့ကြောင့် သူ၏သင်ယူမှုနှင့် မိမိကိုယ်ကိုမိမိ တန်ဖိုးထားမှုအပေါ် ထိခိုက်လာပြီး သိပ်မကြိုးစားတော့ပါ။ စာသင်ယူခြင်းထက် သူ့ကိုလျစ်လျူရှုသည်ကို ပိုပြီးအာရုံစိုက်လာသဖြင့် စိတ်မပျော်ရွှင်ပါ။ အကြောင်းမသင့်၍ နှင်းနွေးသည် အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်မှာ မသင်ယူရပါ။ သင်ယူသူများကို စစ်တမ်းကောက်သည့်အခါ အတန်းရှိ သင်ယူသူ ၄၅ ဦးအနက် ၂၅ ဦးက နှင်းနွေးနှင့်အလားတူ ခံစားချက်များကို ဖော်ပြကြပါသည်။

**စဉ်းစားပါ။**

နှင်းနွေးအကြောင်းဖတ်ပြီးလျှင် မျက်စိမှိတ်ပြီး **နှင်းနွေးအဖြစ်** ဆရာ/မသစ် (အေးထိုက်)နှင့် စာသင်ခန်းထဲ ရောက်နေကြောင်း စိတ်ကူးလိုက်ပါ။

စဉ်းစားရန်

က) မိမိက ဆရာ/မအား ဆက်**မလုပ်**စေလိုသည့်အရာ

ခ) ထိုလုပ်ရပ်ကြောင့် မိမိ**ခံစား**ရပုံ

ဂ) မိမိက ဆရာ/မ **စတင်**လုပ်ဆောင်စေလိုသည့်အရာ

စကားပြောကွက်တွင်းမှ အောက်ပါဝါကျတစ်ခုချင်းဖြည့်ပေးပါ။







သင်ယူမှုဂျာနယ်တွင် **သင့်အတွေး**များကို ရေးပါ။
ဖြစ်နိုင်လျှင် လုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့် ဆွေးနွေးပါ။
အသံထွက် လေ့ကျင့်နိုင်ပါသည်။

**ဆရာ/မ .... တဲ့အခါ**

**ကျွန်မ ---- ခံစားရတယ်**

**ကျေးဇူးပြုပြီး ဆရာ/မ----လို့ရမလား**

Adapted from: https://www.myanmargraphic.com/ (Creative Commons)

## ၂.၃ အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ဖန်တီးရန် အဘယ်ကြောင့်အရေးကြီးပါသနည်း

အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ဖန်တီးရာတွင် ဆရာ/မတို့၏ကဏ္ဍနှင့် သင်ယူသူတို့ ပညာရေးတွင် ပေါက်မြောက်အောင်မြင်မှု၊ လူမှုရေးနှင့်စိတ်ပိုင်းဆိုင်ရာသုခတို့ကိုနားလည်ရန် အရေးကြီးပါသည်။

- သင်ယူသူ၏သင်ယူမှုကို ပတ်ဝန်းကျင်က အကျိုးသက်ရောက်ပါသည်။
- တည်ငြိမ်ပြီး စိတ်ဝင်စားဖွယ် စာသင်ခန်းကို ဖန်တီးခြင်းဖြင့် သင်ယူမှုကို စိတ်ဝင်စားစေပါသည်။
- ကျောင်းနှင့်စာသင်ခန်းတို့ ဘေးကင်းလုံခြုံပြီး တက်ချင်စဖွယ်ကောင်းရန်လိုအပ်ပါသည်။
- မိမိတို့ကို လက်ခံကြိုဆိုသည်ဟု သင်ယူသူများ ခံစားရပြီး မိမိတို့ကျောင်းဟူသောအသိစိတ်ရှိရန်လိုအပ်ပါသည်။
- ပုံမှန်လုပ်ငန်းများသည် သင်ယူသူတို့၏စိတ်ကို လုံခြုံစေသောကြောင့် ၎င်းတို့ကောင်းစွာတုံ့ပြန်ကြပါသည်။ ထိုလုပ်ငန်းများ တသမတ်တည်းရှိသဖြင့် လုပ်ရမည့်အရာကို ကြိုသိထားခြင်းသောကြောင့် အသစ်သင်ယူမှုနှင့် အပြောင်းအလဲများကို လွယ်လင့်တကူလုပ်နိုင်ပါသည်။ ကြည့်မြင်နိုင်သော တစ်နေ့တာအချိန်ဇယားသည် စာသင်ခန်းတွင်းရှိ အသက်ငယ်သည့် ကျောင်းသူ/သားများအတွက် အထောက်အကူ ပြုနိုင်သကဲ့သို့ အသက်ပိုကြီးသော သင်ယူသူများလည်း တစ်နေ့တာ ဘာသင်ကြားမည်ကို သိလိုပါမည်။
- အခင်းအကျင်းတစ်ခု၏ အနေအထားက သင်ယူသူတို့ တက်ရောက်လို ပါဝင်ဆောင်ရွက်လိုအောင် ဖြစ်သင့်ပါသည်။
- အပြုသဘောဆောင်သည့် အနေအထားသည် နောက်ထပ်အတားအဆီးများကို သင်ယူသူတို့ ကျော်လွှားစေနိုင်ပါသည်။

## ၂.၄ အပြုသဘောဆောင်သည့် အပြန်အလှန် ဆက်ဆံမှုများ



လေ့လာခဲ့သမျှသင်ရိုးပိုင်းတို့ကို ပြန်ကြည့်သော 'အားလုံးအကျုံးဝင် အလေ့အကျင့်တွင် သင်ယူသူတို့ဗဟိုနေရာပါသည်'ဟူသောအဆိုကိုသုံးခဲ့ပြီ။ ထိုသို့ဖြစ်နိုင်ရန် ဤအလေ့အကျင့်ကို မိမိတို့၏ သဘောထား၊ တန်ဖိုးထားမှုများ၊ အပြုအမူ (နှင့် သင်ယူသူတို့ ခံစားမှုအပေါ် သက်ရောက်မှု)၊ အပြောအဆိုတို့ဖြင့် ကျင့်သုံးသည့် ဆရာ/မတို့တွင် တာဝန်ရှိပါသည်။ သင်ရိုးပိုင်း ၂ သင်ယူသူများကို သိရှိခြင်းက ယခုသင်ရိုးပိုင်းရှိ သင်ယူသူများအပေါ် ဆရာ/မတို့၏အမြင်၊ နှစ်ဦးနှစ်ဖ အပြန်အလှန်ဆက်ဆံမှုတို့ မည်မျှ ထိရောက်ပြီး ဆီလျော်မှုရှိကြောင်းတို့နှင့် ဆက်နွယ်နေပါသည်။ ဆရာ/မနှင့် သင်ယူသူတို့ အကြား အပြန်အလှန် ဆက်ဆံရေးမှာ အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ် ဖန်တီးရာတွင် အရေးအကြီးဆုံးဖြစ်ပါသည်။ ဆရာ/မနှင့် သင်ယူသူတို့အကြား ဆက်သွယ်ရေးတွင် အားပေးမှု၊ တစ်ဦးချင်း အလေးထားဆက်ဆံမှု၊ သင်ယူသူများအား ကျောင်းသားအရေအတွက်သက်သက်အဖြစ်မမြင်ဘဲ လူသားများဖြစ်ကြောင်း အမှတ်ရရန်လိုအပ်ပါသည်။ ဤသို့သောဆက်သွယ်ရေးသည် သင်ယူသူများသည့် အတန်းကိုသင်ကြားရသည့် ဆရာ/မတို့အတွက် ခက်ခဲနိုင်သော်လည်း သင်ယူမှုအပေါ် အကျိုးသက်ရောက်ကြောင်း သုတေသနအရ ထင်ရှားပါသည်။

သင်ယူသူတို့ကို အလေးထားကြောင်းပြသခြင်းဖြင့် ကျောင်းအသိုက်အဝန်းတွင် သင်ယူသူတို့လည်း ပါဝင်ကြောင်း ခံစားရစေကာ မိမိတို့ကျောင်းဟူသော အသိလည်းရှိလာပါမည်။ သင်ယူသူတို့ကိုပြုံးပြခြင်း၊ တည်ငြိမ်သည့်လေသံသုံးခြင်း၊ အမည်တပ်ခေါ်နှုတ်ဆက်ခြင်း၊ (အဆုံးရလဒ်ထွက်မှမဟုတ်ပဲ) သင်ယူသူတို့ အားစိုက်လုပ်ဆောင်စဉ် မိမိ၏စိတ်အားတက်ကြွမှုကိုပြခြင်း၊ ထိုသို့

အားထုတ်မှုအတွက်ချီးမွမ်းသည့်အခါ သင်ယူသူများ၏လုပ်ဆောင်မှုနှင့်ဖြစ်စဉ်ကို ချီးမြှင့်ရာရောက်ပြီး တိုးတက်မှုကို အသိအမှတ်ပြုရန်နှင့် ဂုဏ်ယူရန် သင်ယူသူတို့ကို ပံ့ပိုးပေးပါသည်။

**"လူအများက သင့်အပြောအဆို၊ သင့်လုပ်ရပ်များကို မေ့ကောင်းမေ့သွားမည် ဖြစ်သော်လည်း သူတို့ကို မည်သို့ခံစားစေခဲ့ကြောင်းကိုမူ ဘယ်တော့မှ မေ့လျော့သွားမည်မဟုတ်ပါ" မာယာအိန်ဂျလို**

Image source: https://pixabay.com/images/search/burma/?pagi=2& (free)

## လုပ်ဆောင်ချက် ၅.၃ - အပြုသဘောဆောင်သည့် အပြန်အလှန်ဆက်ဆံမှုအရေးပါပုံ (၂၀ မိနစ်)

အောက်ပါ 'အကောင်းဆုံးဆရာ/မသည် အပြုသဘောဆောင်သည့် စာသင်ခန်းယဉ်ကျေးမှုကို ကျင့်သုံးသည်'ဟူသော **ဗီဒီယိုကားတို**ကို ကြည့်ပါ။

https://www.youtube.com/watch?v=ZEZBBFUqJws



ဗီဒီယိုတွင် သင်ယူသူတို့အတွက် အပြုသဘောဆောင်သော သင်ယူမှု ဝန်းကျင်တစ်ရပ် ဖန်တီးရန် ဆရာ/မများက သရုပ်ပြထားသည့် အပြန်အလှန်ဆက်ဆံမှုများကို အောက်ပါစာရင်းတွင် ကြည့်ပါ။

**ပြန်လည်ဆင်ခြင်သုံးသပ်ပါ**

- အောက်ပါအပြုအမူများသည် အားလုံးအကျုံးဝင်မှု အလေ့အကျင့်နှင့် မည်သို့ ဆက်စပ်ပါသနည်း။
- ဤအပြုအမူများဖြင့် မည်မျှမကြာခဏ အပြန်အလှန်ဆက်ဆံပါသနည်း။ အကွက်ထဲတွင် အမှန်ခြစ်ပါ။
- ဆရာ/မတို့၏ အပြန်အလှန်ဆက်ဆံရေး၏ သက်ရောက်မှုအကြောင်း ပြန်လည်သုံးသပ်သည့် အောက်ပါဇယားကိုဖြည့်ပါ။ ပထမသုံးခုကို လုပ်ပေးထားပါသည်။

| အပြန်အလှန်ဆက်ဆံမှု/အပြုအမူ | သက်ရောက်မှု/အကျိုးဆက် | မည်မျှ လုပ်ဆောင် ပါသနည်း |
|---|---|---|
| ကျောင်းသူ/သားများကို အမည်တပ် နှုတ်ဆက်သည်။ | ကျောင်းသူ/သားတို့ ကျောင်းအသိုက်အဝန်းနှင့် တစ်သား တည်း ဖြစ်သည်ဟု ခံစားကြသည်။ ကျောင်းသူ/သားများကို သိရှိ၊ မှတ်မိ သောကြောင့် ၎င်းတို့ကို လက်ခံကြိုဆိုကြောင်း၊ ၎င်းတို့လည်း ပါဝင်ကြောင်း ခံစားရစေပါမည်။ | |
| အပြုသဘောဆောင် အမူအကျင့် ပြသသည် - ကျောင်းသူ/သားများကို ပြုံးပြခြင်း၊ တည်ငြိမ်သည့်လေသံသုံးခြင်း၊ စိတ်လှုပ်ရှား၊ စိတ်အား တက်ကြွကြောင်း ပြသခြင်း | မိမိသည် ကျောင်းသူ/သားအားလုံးကို တက်ရောက်စေလို သည့်အလား ဖြစ်ပါသည်။ သင်ယူမှုကို စိတ်ပါဝင်စား သောကြောင့် ကျောင်းသူ/သားတို့လည်း အားတက်သည်။ | |
| ဖေးမပြောဆိုခြင်းဖြင့် အလေးထားကြောင်း ပြသသည်။ | မိမိသည် သင်ယူမှုကို အလေးထားသည်ဟု ကျောင်းသူ/ သားတို့ ခံစားရသောကြောင့် ၎င်းတို့သည် အလုပ်ကို ပိုမို ဂရုစိုက်ပြီး ဂုဏ်လည်းယူကြပါသည်။ | |
| ကျောင်းသူ/သားများ၏စိတ်ခံစားချက်ကို အသိ အမှတ်ပြုသည်။ 'ကျောင်းသူ/သားတို့ စိတ်လှုပ်ရှားတက်ကြွနေတာကို မြင်နိုင်တယ်' | | |
| အခက်ကြုံလျှင် ဟာသဉာဏ်သုံးပြီး ဖြေရှင်းကာ ခပ်သွက်သွက် ဆက်လုပ်သည်။ | | |
| ကျောင်းသူ/သားများ၏ အတွေးအမြင်ကို နားထောင်ပါ။ | | |
| ကျောင်းသူ/သားများ ပြောစကားကို အတည် ပြုပါ။ | | |
| ကျောင်းသူ/သားများအား  အတွေးအမြင်ကို ဆက်လက်ရှင်းပြစေခြင်း၊ စိတ်ဝင်စားမှု ပြသခြင်းတို့လုပ်ဆောင်သည်။ | | |
| ကျောင်းသူ/သားများ  သင်ယူမှုဗျူဟာများကို ကောင်းစွာ သုံးစွဲသည့်အခါ ချီးကျူးသည်။ | | |
| အားပေး/သုံးသပ်မှုပေးရာတွင် ဘာကို ရည်ညွှန်းကြောင်း တိတိကျကျပြောသည်။ | | |
| ကျောင်းသူ/သားများ၏ အားထုတ်မှုကို အသိအမှတ် ပြုသည်။ | | |
| ကျောင်းသူ/သားများနှင့် သဘာဝကျကျ၊ ပေါ့ပေါ့ ပါးပါး၊ သက်တောင့်သက်သာ စကား စပြောသည်။ | | |
| အားနည်းချက်နှင့်၊ မသေချာမှုကို ပြသည်၊ ဥပမာ မိမိက စာလုံးပေါင်းကို မသိပုံ။ | | |
| '---မလားမသိဘူး' 'ဘယ်လိုထင်သလဲ' ဟူသော စကားစုများကို သုံးသည်။ | | |

## လုပ်ဆောင်ချက် ၅.၃ အဖြေ – အပြုသဘောဆောင်သည့် အပြန်အလှန်ဆက်ဆံမှုအရေးပါပုံ

ဇယားတွင်ပါရှိသည့် သက်ရောက်မှုနှင့် အကျိုးဆက်အကြောင်း အခြားအတွေးအမြင်များ ရှိကောင်းရှိပါမည်။ ထိုသို့ဖြစ်လျှင် လုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့် ဆွေးနွေးနိုင်ပါသည်။

| **အပြန်အလှန်ဆက်ဆံမှု/အပြုအမူ** | **သက်ရောက်မှု/အကျိုးဆက်** | **မည်မျှလုပ်ဆောင်ပါသနည်း** |
|---|---|---|
| ကျောင်းသူ/သားများကို အမည်တပ်နှုတ်ဆက်သည်။ | ကျောင်းသူ/သားတို့ ကျောင်းအသိုက်အဝန်းနှင့် တစ်သားတည်း ဖြစ်သည်ဟု ခံစားကြသည်။ ကျောင်းသူ/သားများကို သိရှိ၊ မှတ်မိသောကြောင့် ၎င်းတို့ကို လက်ခံကြိုဆိုကြောင်း၊ ၎င်းတို့လည်း ပါဝင်ကြောင်း ခံစားရစေပါမည်။ | |
| အပြုသဘောဆောင် အမူအကျင့် ပြသသည် - ကျောင်းသူ/သားများကို ပြုံးပြခြင်း၊ တည်ငြိမ်သည့်လေသံသုံးခြင်း၊ စိတ်လှုပ်ရှား၊ စိတ်အား တက်ကြွကြောင်း ပြသခြင်း | မိမိသည် ကျောင်းသူ/သားအားလုံးကို တက်ရောက်စေလိုသည့်အလား ဖြစ်ပါသည်။ သင်ယူမှုကို စိတ်ပါဝင်စားသောကြောင့် ကျောင်းသူ/သားတို့လည်း အားတက်သည်။ | |
| ဖေးမပြောဆိုခြင်းဖြင့် အလေးထားကြောင်း ပြသသည်။ | မိမိသည် သင်ယူမှုကို အလေးထားသည်ဟု ကျောင်းသူ/သားများ ခံစားရသောကြောင့် ၎င်းတို့သည် အလုပ်ကို ပိုမို ဂရုစိုက်ပြီး ဂုဏ်လည်းယူကြပါသည်။ | |
| ကျောင်းသူ/သားများ၏စိတ်ခံစားချက်ကို အသိ အမှတ်ပြုသည်။ 'ကျောင်းသူ/သားတို့ စိတ်လှုပ်ရှားတက်ကြွနေတာကို မြင်နိုင်တယ်' | ကျောင်းသူ/သားများသည် မိမိတို့ စိုးရိမ်ကြောင်း၊ ဆက်မလုပ်တတ်ကြောင်း၊ အကူအညီလိုအကြောင်း ပြောရန် အခက်အခဲမရှိပါ။ | |
| အခက်ကြုံလျှင် ဟာသဉာဏ်သုံးပြီး ဖြေရှင်းကာ ခပ်သွက်သွက် ဆက်လုပ်သည်။ | တုံ့ပြန်မပြောလျှင်၊ ရေးကြီးခွင်ကျယ် မလုပ်လျှင် ကလေးများ ပိုမိုစိတ်သက်သာရာရပါသည်။ | |
| ကျောင်းသူ/သားများ၏ အတွေးအမြင်ကို နားထောင်ပါ။ | သင်ယူသူတို့၏အတွေးအမြင်ကို ပြောချိန်ပေးလျှင် ၎င်းတို့ပါဝင်ပြောဆိုကာ ပိုမိုတက်ကြွစွာ သင်ယူရန် ဖြစ်နိုင်ချေပိုရှိပါသည်။ | |
| ကျောင်းသူ/သားများ ပြောစကားကို အတည်ပြုပါ။ | အားတက်စေမည့်အချက်ဖြစ်နိုင်ပါသည်။ ကျောင်းသူ/သားများ နားလည်ကြောင်း ၎င်းတို့ကို ပြသပါသည်။ | |
| ကျောင်းသူ/သားများအား  အတွေးအမြင်ကို ဆက်လက်ရှင်းပြစေခြင်း၊ စိတ်ဝင်စားမှု ပြသခြင်းတို့လုပ်ဆောင်သည်။ | ကျောင်းသူ/သားများ တွေးတောကြံဆခြင်း၊ ထင်မြင်ချက် ပေးခြင်း၊ ဝေဖန်ပိုင်းခြားတွေးခေါ်ခြင်းတို့ လုပ်ဆောင်နိုင်ပါမည်။ | |
| မိမိလိုလားသော သင်ယူမှုဗျူဟာများကို ကျောင်းသူ/သားများ  သုံးစွဲသည့်အခါ ချီးကျူးပြီး အပြုသဘောဖြင့် အားပေး ထောက်ခံသည်။ | ဆရာ/မ သင်ကြားပေးသည့် ဗျူဟာများကို ကျောင်းသူ/သားများ အသုံးပြုရန် အားပေးရန် ရောက်ပါသည်။ | |

| | | |
|---|---|---|
| အားပေး/သုံးသပ်မှုပေးရာတွင် ဘာကို ရည်ညွှန်းကြောင်း တိတိကျကျပြောသည်။ | ‘မင်းကစာကောင်းကောင်းဖတ်နိုင်တာပဲ’ ဟုပြောမည့် အစား ကျွမ်းကျင်မှုကို တိတိကျကျ အာရုံစိုက်ကာ မှန်မှန်ကန်ကန် သုံးသပ်တုံ့ပြန်သည်ဟု ကျောင်းသူ/သားများ ခံစားရပါမည်။ | |
| ကျောင်းသူ/သားများ၏ အားထုတ်မှုကို အသိအမှတ်ပြုသည်။ | အဆုံးသတ်ရလဒ်အစား အားထုတ်မှုကို ချီးကျူးခံ သည့်အတွက် ကျောင်းသူ/သားများသည် အခက်ကြုံ သည့်အခါ လက်လျှော့မည့်အစား ဆက်လက် ကြံဆ အားထုတ်ပါမည်။ | |
| ကျောင်းသူ/သားများနှင့် သဘာဝကျကျ၊ ပေါ့ပေါ့ပါးပါး၊ သက်တောင့်သက်သာ စကား စ ပြောသည်။ | ဆရာ/မသည် ၎င်းတို့ကိုခင်မင်ကြောင်း၊ ၎င်းတို့နှင့် သင်ယူမှုကိုအလေးထားကြောင်း သင်ယူသူတို့ ခံစားရပါမည်။ ကလေးတို့ နေသာထိုင်သာ ရှိပါမည်။ | |
| အားနည်းချက်နှင့်၊ မသေချာမှုကို ပြသည်၊ ဥပမာ မိမိက စာလုံးပေါင်းကို မသိပုံ။ | ဆရာ/မလည်း မှားတတ်ပုံကို နမူနာလုပ်ပြသည့်အခါ ကျောင်းသူ/သားများ ပိုမိုစွန့်စားလာနိုင်ပြီး အမှား လုပ်မိမည်ကိုလည်း ကြောက်ရွံ့တော့မည်မဟုတ်ပါ။ | |
| ‘---မလားမသိဘူး’ ‘ဘယ်လိုထင်သလဲ’ ဟူသော စကားစုများကို သုံးသည်။ | သင်ယူသူတို့ပိုမိုပြောဆိုစေပြီး သင်ယူမှုတွင် ပိုမို တက်ကြွစွာ ပါဝင်လာစေပါမည်။ | |

## ၂.၄.၁ သက်ဆိုင်မှုကို ခံစားရခြင်း

သင်ယူမှုနှင့်ပညာရေးဟူသည်မှာ မည်သူမဆို ၎င်းတို့အလားအလာကို ဖြည့်ဆည်းနိုင်သည့်နည်းလမ်းများကို ဖော်ဆောင်ရန် ဖြစ်ပါသည်။

မာ့စလိုး၏ လိုအပ်ချက်အဆင့်ဆင့်စံပုံစံ (၁၉၄၃) မှာ လူသား များ၏ လိုအပ်ချက်ငါးမျိုးသည် လူတစ်ယောက်၏ အပြုအမူကို ပြဋ္ဌာန်းသည်ဟူသော စိတ်အားတက်ကြွမှုဆိုင်ရာ သီအိုရီ ဖြစ်သည်။ ၎င်းတို့မှာ ခန္ဓာလိုအပ်ချက်များ၊ လုံခြုံမှု လိုအပ်ချက်များ၊ မေတ္တာနှင့် သက်ဆိုင်မှု လိုအပ်ချက်များ၊ လေးစားမှုလိုအပ်ချက်များ၊ မိမိကိုယ်တိုင် ဖြစ်မြောက် အောင်မြင်မှုလိုအပ်ချက်များ ဖြစ်သည်။




Image source:
https://www.simplypsychology.org/maslow.html (Creative Commons)

မိမိတို့အလားအလာကို ဖြည့်ဆည်းနိုင်ရန် ‘သက်ဆိုင်မှု’ လိုအပ် ကြောင်း မာ့စလိုးမှ အဆိုပြုခဲ့သည်။ သက်ဆိုင်မှုမရှိခဲ့လျှင် မိမိကို တန်ဖိုးထားသည်ဟု မခံစားရဘဲ ပန်းတိုင်ချမှတ်ရန်၊ အလားအလာကို ဖြည့်ဆည်းနိုင်ရန် လိုအပ်သည့် လေးစား မှုလည်း မရှိနိုင်ပါ။

ကျောင်းသူ/သားများ၏ လူမှုရေးနှင့်စိတ်ခံစားမှုဆိုင်ရာသုခကို ဆွေးနွေးမည့် သင်ရိုးပိုင်း ၉ တွင် ဤစံပြုပုံစံကို ဆက်လက်စူးစမ်းလေ့လာမည်ဖြစ်ပါသည်။

လူအချင်းချင်းဆက်သွယ်မှု၊ အပြန်အလှန်ဆက်ဆံမှုမတိုင်မီ လုံခြုံစိတ်ချရန်လိုအပ်ပါသည်။ နောက်တစ်ခန်းတွင် အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင် ဖန်တီးရာတွင် နေရာလွတ်ထားရှိမှု၏ သက်ရောက်ပုံကို စူးစမ်းကြပါမည်။ ဘေးကင်းလုံခြုံမှုသည် ပဓာနကျပါသည်။

## ၂.၄.၂ နေရာနှင့်အရင်းအမြစ်များ

အပြုသဘောဆောင်ပြီး အားလုံးအကျုံးဝင်စေသည့် ဆရာ/မတို့သည် တပည့်များအကြောင်း၊ နေရာနှင့် သုံးသည့်အရင်းအမြစ်များအကြောင်း စဉ်းစားကြပါသည်။ သင်ယူမှုပစ္စည်းများနည်းပါးပြီး ပရိဘောဂများ အရည်အသွေးနိမ့်ကျသော်လည်း ၎င်းတို့၏ စာသင်ခန်းသည် စိတ်ဝင်စားအောင် နိုးဆွပေးသည်။ သန့်ရှင်းသပ်ရပ်စွာ စီစဉ်ထားပြီး စိတ်ဝင်စားဖွယ် ဖြစ်ပါသည်။

ဆရာ/မများသည် မိမိတို့၏သင်ယူမှု အရင်းအမြစ်များနှင့် ပစ္စည်းကိရိယာများကို ပြန်လှန်သုံးသပ်ပြီး အားလုံးအတွက် အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ဖြစ်အောင် ၎င်းတို့ကို မည်ကဲ့သို့ အကောင်းဆုံး သုံးနိုင်ကြောင်း စဉ်းစားသင့်ပါသည်။



Image source: https://pixabay.com//illustrations/burma-myanmar-classroom-boy-girl-5204371/ (free use)

### လုပ်ဆောင်ချက် ၅.၄ - နေရာအချမှန်ခြင်း၏ အရေးကြီးပုံ (၁၅ မိနစ်)

သင့်သင်ယူမှုအရင်းအမြစ်များနှင့် ပစ္စည်းကိရိယာတို့အား အားလုံးအတွက် အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ဖြစ်လာစေရန် မည်ကဲ့သို့ အကောင်းဆုံး သုံးနိုင်မည်ဖြစ်ကြောင်း ပြန်လှန်သုံးသပ်စေခဲ့ပါပြီ။

- ၎င်းတို့သည် မည်သည့်သင်ယူမှုအရင်းအမြစ်များဖြစ်မည်ဟုထင်ပါသနည်း။
- သင်ယူသူတို့ ပိုမိုနှစ်သက်အောင် ရှိသည့်နေရာကို မည်သို့ပြင်ဆင်နိုင်ပါသနည်း။ သင်ယူမှုဂျာနယ်တွင် **စာရင်းပြုစု**ပါ။
- ၎င်းသည်အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ဖန်တီးရာတွင် မည်သို့အထောက်အကူပြုနိုင်ကြောင်း **စဉ်းစား**ပါ။ လုပ်ဖော်ကိုင်ဖက်နှင့်လေ့လာနေလျှင် ဝေမျှနိုင်းယှဉ်ပါ။

## လုပ်ဆောင်ချက် ၅.၄ အတွက် အကြံပြုအဖြေ

- လှုပ်ရှားသွားလာရန်နေရာ - သင်ယူမှုလုပ်ဆောင်ချက်များရှိ အပြောင်းအလဲများနှင့်အတူ ကလေးများအတန်းတွင်း လုံခြုံစွာရွေ့လျားသွားလာရန်လိုအပ်ပါသည်။ ခန္ဓာကိုယ်မသန်စွမ်းသည့် ကလေးများအတွက် အတန်းတွင်းနေရာများထံ သွားလာနိုင်ရန် အလွန်ရေးကြီးသည်။ ကလေးများအား အုပ်စုဖွဲ့သည့်အခါ မတူကွဲပြားမှုအားလုံး အကျုံးဝင်ရန် မဖြစ်မနေ လုပ်ဆောင်ရပါမည်။
- အလင်း၊ အပူနှင့်လေဝင်လေထွက် - ကလေးများအပေါ် နေပူထိုးသည့်အကြောင်းတွေးပါ။ အိုက်လှောင်နေသည့် စာသင်ခန်းမှ လေကောင်းလေသန့်ရရာသို့ ပြောင်းရွှေ့ရန် စဉ်းစားပါ။ စာသင်ခန်းတွင်း သဘာဝအလင်းရောင် လုံလုံလောက်လောက် ရှိပါသလား။ ပန်ကာရနိုင်လျှင်သုံးပါ။
- သင်ယူရန်နေရာ - ကျောင်းသူ/သားများ ထိုင်ပြီးသင်ယူရန် နေရာအလုံအလောက်ရှိပါသလား။ ကလေးများအား အလှည့်ကျနေရာ ပြောင်းထိုင်ကြပါစေ။ ကလေးများအားလုံး မြင်နိုင်ကြားနိုင်ကြစေရန် ခုံစီပုံကို ထည့်စဉ်းစားပါ။ ကျောင်းသူ/သားများ သင်ယူရာတွင် ပြောင်းလွယ်ပြင်လွယ် ရှိပါသလား (သို့) စားပွဲ၊ ကုလားထိုင်များကို ပုံသေချထားပါသလား။
- သင်ယူမှုအတွက်သီးသန့်နေရာများ - အကြောင်းအရာသတ်မှတ်ထားသည့် နေရာများ ထားနိုင်ပါသည်။ သင်ယူမှုကို နှိုးဆွပေးမည့် အရင်းအမြစ်များကို ကလေးများကိုယ်တိုင် စုဆောင်းဖန်တီးနိုင်ပါသည်။ ကလေးများအား ၎င်းတို့၏ နေ့စဉ်ဘဝနှင့်ရပ်ရွာကို ချိတ်ဆက်ပေးမည့် အသိသညာများကို အရင်းအမြစ်များဖြင့် ကူညီသင်ကြားပေးနိုင်ပါသည်။
- ပြသရန်နေရာ - ကလေးများ၏လက်ရာများကို ပြသထားသည့်နေရာများ သတ်မှတ်ထားခြင်းဖြင့် ၎င်းတို့ မိမိကိုယ်ကို ပိုမိုတန်ဖိုးထားလာပါမည်။ သူတို့လက်ရာများကိုပြသထားလျှင် ဂုဏ်ယူနိုင်ပါမည်။ အချင်းချင်းလက်ရာကို အပြုသဘောဆောင်ကာ သုံးသပ်နိုင်မည့် နေရာကောင်းတစ်ခုလည်းဖြစ်ပါသည်။
- အတန်းစာကြည့်တိုက် - ကျေးလက်ဒေသတွင် စာကြည့်တိုက်မရှိနိုင်ပါ။ ကဒ်ထူပုံးကို အလှဆင်ပြီး စာအုပ်ထည့်ထားခြင်းဖြင့် အလွယ်တကူဖန်တီးနိုင်ပါသည်။ ကလေးများကိုယ်တိုင် စာအုပ်များလုပ်ပြီး ဂုဏ်ယူနိုင်ပါသည်။ အမြင်အာရုံအားနည်းသူများသည် စာမျက်နှာတွင် ကော်ဖြင့်ပစ္စည်းများကပ်ပြီး ထိတွေ့ပြီးစမ်းကာ လေ့လာနိုင်ပါသည်။ ထို့ပြင် စာအုပ်များအား ထိန်းသိမ်းပုံ အတွေ့အကြုံကိုလည်း ရရှိပါသည်။

## ၂.၄.၂ သင်ယူမှုဝန်းကျင်ကို ပုံမှန်လုပ်ငန်းတို့မှသြဇာညောင်းပုံ



**ပုံမှန်လည်ပတ်နေသည့် လုပ်ငန်းများ**ဟူသည်မှာ သင်ယူသူတို့ ထွေထွေထူးထူး တွေးစရာမလိုပဲ လုပ်ကိုင်နိုင်သည့် **ပုံစံ**ဖြစ်သည်။ သင်ယူမှုကို အာရုံစိုက်ရန် သင်ယူသူတို့အခွင့်အလမ်းပိုမိုရရှိနိုင်ပါသည်။

- ပုံမှန်လုပ်ငန်းကြောင့် ကြိုတင်သိရှိနိုင်မှုနှင့် လုံခြုံမှုတို့ရှိသောကြောင့် သင်ယူသူတို့လည်း စိတ်ချလက်ချ ဖြစ်ပါသည်။ သင်ယူမှုအခက်အခဲများရှိသည့် ကျောင်းသူ/သားများအတွက် အထူးအထောက်အကူ ပြုပါသည်။
- ထိရောက်သော ပုံမှန်လုပ်ငန်းများကြောင့် အပြုအမူကို ပိုမိုကောင်းမွန်တိုးတက်စေပြီး၊ အလုပ် ပုံမှန်လုပ်ဖြစ်ခြင်း၊ ရှေ့နောက်ညီပြီး ကြိုတင်မှန်းဆနိုင်ခြင်းများရှိပါမည်။
- ကြည့်မြင်နိုင်သည့် အချိန်ဇယား (ရုပ်ပုံကဒ်များကိုကြည့်ပါ)ဖြင့် တစ်နေ့တာအစီအစဉ်ကို ဆရာ/မက ဝေမျှနိုင်ပြီး နောက်ဆက်သင်မည့်အရာများအတွက် ကျောင်းသူ/သားများစိတ်ကို ပြင်ဆင်ပေးနိုင်ပါသည်။
- လုပ်နေကျလုပ်ငန်းစဉ်အဆင့်ဆင့်အပြင် ပုံမှန်လုပ်ငန်းတွင် ဆရာ/မတို့ လုပ်ဆောင်ပြုမူပုံ၊ သင်ယူသူများကို တုံ့ပြန်ပုံဖြင့် တရားမျှတ၊ အားလုံးအကျုံးဝင်ပြီး ရှေ့နောက်ညီသည့် ဝန်းကျင်ဖြစ်ကြောင်း ပြသလျက် ပညာရေးအခင်းအကျင်းရှိ မျှော်မှန်းချက်များကို ကျောင်းသူ/သားများအတွက် လွယ်လင့်တကူ ပြည့်မီစေနိုင်ပါမည်။ သင်ယူသူတို့ မကြာမကြာ ထပ်ခါတလဲလဲလုပ်လျှင် (လေ့ကျင့်လျှင်) ကျင့်သားရလာပါလိမ့်မည်။
- အသက်ငယ်သည့် ကျောင်းသူ/သားများအတွက် စာသင်နှစ်စတွင် ပုံမှန်လုပ်ငန်းများ လေ့ကျင့်ထားလျှင် အကျိုးရှိနိုင်ပြီး ဆက်လက်အားပေးပံ့ပိုး လေ့ကျင့်ပေးရန် လိုအပ်ပါမည်။ ပုံမှန်အတိုင်းလိုက်လုပ်ရင်း တပည့်များသည် ဘယ်အရာကို ဘာကြောင့်လုပ်မှန်း နားလည်လာပါမည်။
- ပုံမှန်လုပ်ငန်းအောင်မြင်စေရန်နှင့် အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ဖန်တီးရာတွင် ရှေ့နောက်ညီမှုသည် အဓိကကျပါသည်။

လုပ်ဆောင်ချက် ၅.၅ - ပုံမှန်လုပ်ငန်းများ ချမှတ်ခြင်း (၁၅ မိနစ်)

- မည်သည့်ပုံမှန်လုပ်ငန်းများ သင် ချမှတ်ထားပါသနည်း။
- ယင်းတို့သည် သင်ယူသူများအတန်းတွင်း ခံစားချက်အပေါ် မည်သို့သက်ရောက်သည်ဟု ထင်မြင်ပါ သနည်း။ သင်ယူမှုဂျာနယ်တွင် **စာရင်းပြုစု**ပါ။
- ထိုလုပ်ငန်းများမှ အပြုသဘောဆောင်သည့်သင်ယူမှုဝန်းကျင် ဖန်တီးမှုအား အထောက်အကူပြုပုံကို **စဉ်းစားပါ**။ လုပ်ဖော်ကိုင်ဖက်နှင့်လေ့လာနေလျှင် ဝေမျှနိုင်းယှဉ်ပါ။

Image source: https://thenounproject.com/search/?q=lunch+time (Creative Commons)

## လုပ်ဆောင်ချက် ၅.၆ သင်ယူမှုဝန်းကျင်ကို ပိုမိုကောင်းမွန်တိုးတက်စေနိုင်ပုံ (၁၅ မိနစ်)

ပညာရေးအခင်းအကျင်းများတွင် အောက်ပါအတွေးအမြင်များသည် အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ကို ပံ့ပိုးနိုင်ပါသည်။ ပုံမှန်လုပ်ငန်း၊ အပြန်အလှန်ဆက်ဆံမှုနှင့် ရုပ်ပတ်ဝန်းကျင်ဟူ၍ အမျိုးအစားခွဲခြားလျှင် အဆင်ပြေပါလိမ့်မည်။

အောက်ပါ **အတွေးအမြင်များ၊ မေးခွန်းများ၊ မှတ်ချက်များနှင့် အကြံပြုချက်များ**အကြောင်းတွေးပြီး အမျိုးအစားခွဲပါ။ အချို့မှာ အမျိုးအစား တစ်မျိုးထက် ပိုနိုင်ပါသည်။ ဥပမာတစ်ခုလုပ်ပြထားပါသည်။

| **အတန်းတွင်းပုံမှန်လုပ်ငန်း** | **ရုပ်ပတ်ဝန်းကျင်နှင့် အရင်းအမြစ်များ** | **အပြန်အလှန်ဆက်ဆံမှု** |
|---|---|---|
| နောက်ကျရောက်လျှင် မည်သို့လုပ်ရန်လိုပါသနည်း | | |

**ပညာရေးအခင်းအကျင်းများအတွက် အတွေးအမြင်များ၊ မေးခွန်းများ၊ မှတ်ချက်များနှင့် အကြံပြုချက်များ**

၁. ကျောင်းသူ/သားများလက်ရာပြသရန် နေရာလုံလောက်ပါသလား။
၂. အရင်းအမြစ်များကို မည်သို့ပေး၍ မည်ကဲ့သို့သိမ်းထားပါသနည်း။
၃. ကလေးများ အတန်းထဲဝင်လာသည့်အခါ တံခါးဝတွင် အမည်တပ်ခေါ်ကာကြိုဆိုပါ။
၄. စာသင်ခန်းမပျက်စီးရန် မိဘ၊ ရပ်ရွာလူထုနှင့်အတူတူကာကွယ်နိုင်ပါသလား။
၅. အတန်းတွင်းလှည့်လည်သွားလာရန် နေရာရှိပါသလား။
၆. အတန်းတွင်းဆူညံမှုကို မည်မျှလက်ခံနိုင်ပါသနည်း။
၇. ဖတ်နိုင်သည့် အချိန်ဇယားရှိပါသလား။
၈. သင်ယူသူတို့ ပိုမိုတိုးတက်စေရန် အပြုသဘောဆောင်သည့် တုံ့ပြန်ဖြေကြားမှုပေးပါ။
၉. သင်ယူသူတို့လုပ်ဆောင်ချက်ပြီးလျှင် မည်သို့လုပ်ရပါမည်နည်း။
၁၀. သင်ယူသူတို့ နောက်ကျမှရောက်လျှင်မည်သို့လုပ်ရန် လိုပါသနည်း။
၁၁. အလင်းရောင်၊ အပူ လေဝင်လေထွက်နှင့် လေကောင်းလေသန့်ရပါသလား။
၁၂. ကျောင်းသူ/သားများ အမေးအဖြေလုပ်ရန်အားပေးပါ။
၁၃. သင်ယူသူတို့ ခုံအလှည့်ကျထိုင်သည့်အစီအစဉ်ရှိပါသလား။
၁၄. ပန်ကာရှိလျှင် သုံးပါသလား။
၁၅. အမှားများကိုစူးစမ်းပြီး သင်ယူမှုအတွက် အခွင့်အလမ်းအသွင်ပြောင်းပါသည်။

Funded by: UKaid

Towards Results in Education & English

## လုပ်ဆောင်ချက် ၅.၆ အပြုသဘောဆောင်သော သင်ယူမှုဝန်းကျင်ကို ပိုမိုကောင်းမွန်တိုးတက်စေနိုင်ပုံ

လုပ်ဖော်ကိုင်ဖက်များနှင့် သုံးသပ်ဆွေးနွေးရန် အခြားအတွေးအမြင်များလည်း ထည့်ထားပါသည်။

### အတန်းတွင်းပုံမှန်လုပ်ငန်း

နောက်ကျရောက်လျှင် မည်သို့လုပ်ရန်လိုပါသနည်း။
အရင်းအမြစ်များကိုမည်သို့ပေး၍မည်ကဲ့သို့သိမ်းထားပါသနည်း။
အချင်းချင်းပံ့ပိုးမှု - မည်သည့်အခါတွင်သုံးပါသနည်း။
အတန်းတွင်းဆူညံမှုကို မည်မျှလက်ခံနိုင်ပါသနည်း။
ဖတ်နိုင်သည့် အချိန်ဇယားရှိပါသလား။
သင်ယူသူတို့လုပ်ဆောင်ချက်ပြီးလျှင် မည်သို့လုပ်ရပါမည်နည်း။
သင်ယူသူတို့ မေးခွန်းမည်သို့ဖြေဆိုရမည်ကို သိပါသလား။

### အပြန်အလှန်ဆက်ဆံမှု

ပတ်ဝန်းကျင်ကို တည်ငြိမ်ပြီး စိတ်ဝင်စားဖွယ်ဖြစ်ပါစေ။
ကလေးများ အတန်းထဲဝင်လာသည့်အခါ တံခါးဝတွင် အမည်တပ်ခေါ်ကာကြိုဆိုပါ။
ကျောင်းသူ/သားများ အမေးအဖြေလုပ်ရန်အားပေးပါ။
သင်ယူသူတို့ ပိုမိုတိုးတက်စေရန် အပြုသဘောဆောင်သည့် တုံ့ပြန်ဖြေကြားမှုပေးပါ။
စိတ်ကူး/ခံစားချက်များကို မိနစ်အနည်းငယ်ကြာ ဝေမျှပါ။
အမှားများကိုစူးစမ်းပြီး သင်ယူမှုအတွက် အခွင့်အလမ်းအသွင်ပြောင်းပါသည်။

### ရုပ်ပတ်ဝန်းကျင်နှင့်အရင်းအမြစ်များ

အတန်းတွင်း စာကြည့်တိုက်ထားပါ။
သင်ပုန်းဖြူ/စာရွက်ချပ်ကြီး/ဖျက်ရသောသင်ပုန်းများ (သို့) စာရေးရန်သင့်တော်သည့် မျက်နှာပြင်များ ရှိပါသလား။
လုပ်ဆောင်ချက်အမျိုးမျိုးအတွက် ရွှေ့လျားနိုင်သည့် စားပွဲ၊ ကုလားထိုင်များထားပါ။
စာသင်ခန်းမပျက်စီးရန် မိဘ၊ ရပ်ရွာလူထုနှင့်အတူတူကာကွယ်နိုင်ပါသလား။
မိဘ၊ ရပ်ရွာလူထုနှင့် အာရုံအမျိုးမျိုး သုံးရသည့်အရင်းအမြစ်မျိုးစုံလုပ်နိုင်ပါသလား။
သင်ယူမှုအတွက်သီးသန့်နေရာများ (သို့) သီးသန့်အကြောင်းအရာများအတွက် နေရာများ ရှိပါသလား။
ကလေးများ၏လက်ရာကိုပြသရန် စိတ်ဝင်စားဖွယ် နေရာလုံလောက်ပါသလား။
အတန်းတွင်းလှည့်လည်သွားလာရန် နေရာရှိပါသလား။
အတန်းတွင်းတွင် သင်ယူမှုအတွက်သီးသန့်နေရာများ ရှိပါသလား။
အတန်းက ပြုလုပ်သည့် လုပ်ငန်းများအတွက် ပြသရန်နေရာများ ရှိပါသလား။
အလင်းရောင်၊ အပူ လေဝင်လေထွက်နှင့် လေကောင်းလေသန့်ရပါသလား။
ပန်ကာရှိလျှင်သုံးပါသလား။

အထက်ပါအမျိုးအမည်များတွင် သင့်ကိုယ်ပိုင်ဥပမာများ ထည့်သွင်းပါ။

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

Funded by: UKaid



### လုပ်ဆောင်ချက် ၅.၇ - အပြုသဘောဆောင်သည့်သင်ယူမှုဝန်းကျင် ဖြစ်ရပ်လေ့လာချက် (၃၀ မိနစ်)

အောက်ပါဖြစ်ရပ်လေ့လာချက်သည် အပြုသဘောဆောင်သည့် သင်ယူမှုအနေအထားတစ်ရပ်ဖြစ်ထွန်းလာစေရန် အရေးပါသည့် စိတ်ကူးစိတ်သန်းများ ပေးထားပါသည်။ **ဖတ်ရှုပြီး ဖြစ်ရပ်တွင် သင်ယူသူအားလုံးအတွက် ဆရာ/မက အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ကြိုးစားဖန်တီးပုံ**ကို စဉ်းစားပါ။

အတွေ့အကြုံရင့်ဆရာမတစ်ဦးဖြစ်သော ဒေါ်စိုးဖြူသည် လှည်းကူး အခြေခံပညာကျောင်းတစ်ကျောင်းတွင် ၉ နှစ်အရွယ် ကလေးများအား သင်ကြားပါသည်။

ဖြစ်ရပ်လေ့လာချက်မှ **အရေးကြီးသည့် စကားလုံး၊ စကားစုများကို ဖော်ထုတ်**ပြီး သင်ယူမှုဂျာနယ်တွင်ရေးပါ။ ဖော်ထုတ်ပြီးလျှင် အောက်ပါတို့မှ မည်သည့်အမျိုးအစားနှင့်ကိုက်ညီကြောင်း သတိမူပါ။

အတန်းတွင်းပုံမှန်လုပ်ငန်းများ
ရုပ်ပတ်ဝန်းကျင်နှင့် အရင်းအမြစ်များ
အပြန်အလှန် ဆက်ဆံရေး

## ဖြစ်ရပ်လေ့လာချက်

သင်ယူသူတစ်ဦးချင်းကို အမည်တပ်ခေါ်ပြီး ဆရာမက'မင်္ဂလာပါ။ ဒီနေ့ကျောင်းမှာ တပည့်တို့ကို တွေ့ရတာ ဝမ်းသာလိုက်တာ' ဟု နှုတ်ဆက်ပါသည်။ ဆရာမသည် ပျော်ရွှင်ပွင့်လင်းပြီး ကျောင်းသူကျောင်းသားများကို စိတ်ဝင်စားသည့် ကိုယ်ရည်ကိုယ်သွေး ရှိပါသည်။

ကျောင်းသူကျောင်းသားအားလုံး စိတ်ဝင်စားမှုမြင့်မားအောင် ဒေါ်စိုးဖြူ ဖန်တီးထားပါသည်။ ၎င်းတို့ အတန်းတွင်း ရောက်ရောက်ချင်း သီတင်းတစ်ပတ်တွင်း နေ့ရက်များ၊ အက္ခရာ၊ ကိန်းဂဏန်းစသည့် သီချင်းများ ပါဝင်သီဆိုကြပါသည်။ ၎င်းတို့ ထိုင်ပြီးသည့်အခါ တစ်ဖြည်းဖြည်းနှင့် ဦးတည်ချက်ပိုမိုရှိလာပါသည်။

အခန်းတစ်လျှောက် မိန်းကလေးနှင့် ယောကျ်ားလေး ရောနှောထိုင်ကြပါသည်။ ကျောင်းခေါ်ချိန် ခေါ်ပြီးသည်နှင့် ကျောင်းသူ ကျောင်းသား တစ်ဦးချင်းအမည်တပ်ခေါ်လျက် အမေးအဖြေ သင်ခန်းစာတစ်ခုကို လျင်မြန်စွာစတင်ပါသည်။

သင်ယူမှုလုပ်ဆောင်ချက်စုံလင်ပါသည်။ အလွန်တက်ကြွသည့်၊ ဆင်ခြင်တွေးတောသည့် အသံသွင်းစာအုပ်ကို နားထောင်သည့်၊ ပိုစတာလုပ်သည့်စသဖြင့် လုပ်ဆောင်အမျိုးမျိုးပါဝင်သည်။ ဆရာမက ကျောပိုးအိတ်မှ ပစ္စည်းများထုတ်ပြီး 'ဒါဘာလဲ ကြည့်ကြည်'ဟု မေးပါသည်။ တစ်ခါတစ်ရံ နံရံပေါ်တွင်ပြသထားသော ရုပ်ပုံများကို ညွှန်ပြပြီး ကျောင်းသူကျောင်းသားတစ်ဦး ဖြေဆိုရန် ထောက်ပေးပါသည်။ တစ်ဦးချင်းအမည်ကို ရင်းရင်းနှီးနှီးခေါ်ပြီး အပြုသဘောဆောင်သည့် မှတ်ချက်များစွာ ပေးပါသည်။

စာသင်ခန်းအတွင်း ကျောင်းသူကျောင်းသားများလက်ရာကိုပြသထားပါသည်။ ကျောင်းသူကျောင်းသား တစ်ဦးချင်းသည် မိမိလုပ်ထားသည်များအတွက် သုံးသပ်ချက်ရပါသည်။ ထိုသုံးသပ်ချက်သည် '၎င်းတို့ကောင်းမွန်စွာလုပ်နိုင်သည့်အရာ'၊ 'ပိုမိုကောင်းမွန်အောင်လုပ်ရမည့်အရာ' နှင့် 'ပိုမိုကောင်းမွန်အောင် မည်သို့လုပ်နိုင်မည်'တို့ကို ဖော်ထုတ်ပါသည်။ ထိုင်ပုံနှင့်ခုံစီထားပုံက ပြုပြင်ပြောင်းလဲရန် လွယ်ပါသည်။ အချို့ကကြမ်းပြင်ပေါ်ခင်းထားသည့်ဖျာပေါ်တွင်ထိုင်ပြီး အချို့က စားပွဲတွင် နှစ်ယောက်တွဲလုပ်လျက် ရှိပါသည်။ အပင်ငယ်များနှင့် အခြားပစ္စည်းတို့ကို စိတ်ဝင်စားဖွယ် ကောင်းအောင် သုံးထားပါသည်။ သင်ခန်းစာအရ ကျောင်းသူ ကျောင်းသားများကို သုံးယောက်တစ်ဖွဲ့ဖွဲ့ပြီး 'ကစားကွင်းမှမြင်ရသော အပင်များ' အကြောင်း မေးခွန်းများကိုဖြေရပါသည်။

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

## လုပ်ဆောင်ချက် ၅.၇ - အပြုသဘောဆောင်သည့်သင်ယူမှုဝန်းကျင် ဖြစ်ရပ်လေ့လာချက်အဖြေ

သင်ယူသူများသည် **သင်ခန်းစာတွင်** မည်မျှ**ပဓာနကျ**ကြောင်း သတိမူပါ။ အမည်းရင့်စကားလုံးနှင့် စကားစုများက အရေးကြီးပါသည်။ ဘယ်နှစ်ခု ဖော်ထုတ်ထားကြောင်းစစ်ဆေးပြီး ဘယ်နှစ်ခုလွတ်သွားကြောင်းမှတ်သားပါ။

**သင်ယူသူတစ်ဦးချင်း**ကို **အမည်တပ်**ခေါ်ပြီး ဆရာမက '**မင်္ဂလာပါ။ ဒီနေ့ကျောင်းမှာ တပည့်တို့ကို တွေ့ရတာ ဝမ်းသာလိုက်တာ**' ဟု**နှုတ်ဆက်ပါ**သည်။ ဆရာမသည် **ပျော်ရွှင်ပွင့်လင်း**ပြီး ကျောင်းသူကျောင်းသားများကို **စိတ်ဝင်စား**သည့် ကိုယ်ရည်ကိုယ်သွေး ရှိပါသည်။

ကျောင်းသူကျောင်းသားအားလုံး **စိတ်ဝင်စားမှုမြင့်မားအောင်** ဒေါ်စိုးဖြူ **ဖန်တီးထားပါသည်**။ **၎င်းတို့ အတန်းတွင်း ရောက်ရောက်ချင်း** သီတင်းတစ်ပတ်တွင်း နေ့ရက်များ၊ အက္ခရာ၊ ကိန်းဂဏန်းစသည့် **သီချင်းများ ပါဝင်သီဆိုကြပါသည်**။ ၎င်းတို့ ထိုင်ပြီးသည့်အခါ တစ်ဖြည်းဖြည်းနှင့် **ဦးတည်ချက်ပိုမိုရှိလာပါသည်**။

**အခန်းတစ်လျှောက် မိန်းကလေးနှင့်ယောကျ်ားလေး ရောနှောထိုင်ကြပါသည်**။ ကျောင်းခေါ်ချိန် ခေါ်ပြီးသည်နှင့် **ကျောင်းသူကျောင်းသား တစ်ဦးချင်းအမည်တပ်ခေါ်**လျက် **အမေးအဖြေ** သင်ခန်းစာတစ်ခုကို **လျင်မြန်စွာစတင်**ပါသည်။

**သင်ယူမှုလုပ်ဆောင်ချက်စုံလင်**ပါသည်။ **အလွန်တက်ကြွ**သည့်၊ **ဆင်ခြင်တွေးတော**သည့် အသံသွင်းစာအုပ်ကို **နားထောင်**သည့်၊ **ပိုစတာလုပ်**သည့်စသဖြင့် လုပ်ဆောင်အမျိုးမျိုးပါဝင်သည်။ ဆရာမက **ကျောပိုးအိတ်မှ ပစ္စည်းများ**ထုတ်ပြီး '**ဒါဘာလဲကြည်ကြည်**'ဟု မေးပါသည်။ တစ်ခါတစ်ရံ **နံရံပေါ်တွင်ပြသထားသော ရုပ်ပုံများကို ညွှန်ပြ**ပြီး **ကျောင်းသူကျောင်းသား တစ်ဦးဖြေဆိုရန်** ထောက်ပေးပါသည်။ တစ်ဦးချင်း**အမည်**ကို ရင်းရင်းနှီးနှီးခေါ်ပြီး **အပြုသဘောဆောင်သည့် မှတ်ချက်များ**စွာ ပေးပါသည်။

စာသင်ခန်းအတွင်း **ကျောင်းသူကျောင်းသားများလက်ရာကိုပြသထား**ပါသည်။ ကျောင်းသူကျောင်းသား **တစ်ဦးချင်း**သည် မိမိလုပ်ထားသည်များအတွက် **သုံးသပ်ချက်**ရပါသည်။ ထိုသုံးသပ်ချက်သည် '**၎င်းတို့ကောင်းမွန်စွာလုပ်နိုင်သည့်အရာ**'၊ '**ပိုမိုကောင်းမွန်အောင်လုပ်ရမည့်အရာ**' နှင့် '**ပိုမိုကောင်းမွန်အောင်မည်သို့လုပ်နိုင်မည်**'တို့ကို ဖော်ထုတ်ပါသည်။ **ထိုင်ပုံနှင့်ခုံစီထားပုံက ပြုပြင်ပြောင်းလဲရန် လွယ်**ပါသည်။ အချို့က**ကြမ်းပြင်ပေါ်ခင်းထားသည့်ဖျာပေါ်တွင်ထိုင်ပြီး** အချို့က**စားပွဲတွင်နှစ်ယောက်တွဲ** လုပ်လျက် ရှိပါသည်။ **အပင်ငယ်များနှင့်အခြားပစ္စည်းတို့**ကို **စိတ်ဝင်စားဖွယ်**ကောင်းအောင် သုံးထားပါသည်။ သင်ခန်းစာအရ ကျောင်းသူ ကျောင်းသားများကို **သုံးယောက်တစ်ဖွဲ့**ဖွဲ့ပြီး '**ကစားကွင်းမှမြင်ရသော အပင်များ**'အကြောင်း **မေးခွန်းများကိုဖြေ**ရပါသည်။

## လုပ်ဆောင်ချက် ၅.၈ - အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင် ဖန်တီးရန်ကြံဆခြင်း (၃၀ မိနစ်)

ဤလုပ်ဆောင်ချက်တွင် မိမိစာသင်ခန်း၌ အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ဖော်ဆောင်နိုင်ရေး **သင်**လုပ်ရန် လိုအပ်သည့်အရာများ အကြောင်း စဉ်းစားရပါမည်။ သင်ယူမှုဂျာနယ်တွင် စာသင်ခန်းပုံဆွဲခဲ့သည့် သင်ရိုးပိုင်း ၁ (လုပ်ဆောင်ချက် ၁.၈ - အားလုံးအကျုံးဝင်စာသင်ခန်းဟူသည်အဘယ်နည်း)ကို ပြန်တွေးပါ (အောက်ပါစနစ်ပုံကိုကြည့်ပါ)။

၁. စာသင်ခန်းပုံ ထပ်**ဆွဲ**ပါ

၂. အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ် ဖန်တီးရန်အကြောင်း ယခင်လုပ်ဆောင်ချက်အားလုံးကို ပြန်တွေးပါ။ အားလုံးအကျုံးဝင်အလေ့အကျင့်နှင့် သင်ယူသူတို့၏လိုအပ်ချက်အထွေထွေအကြောင်း **စဉ်းစားပါ**။ ရေးခဲ့သည့် မှတ်စုများကို သုံးပြီး အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်၌ သင်ယူသူတို့မြင်နိုင်၊ ကြားနိုင်၊ အနံ့ရနိုင်၊ ခံစားနိုင်သည့် အရာများကို စဉ်းစားပါ။

၃. အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ် ဖော်ဆောင်ရန်အတွက်မိမိ၏အတွေးများကို ရုပ်ပုံများ**ရေးဆွဲ**ခြင်း၊ **ရေးသား**ခြင်း၊ ပုံများ**ကပ်ထား**ခြင်းဖြင့် ပြသပါ။ ဥပမာနှစ်ခုလုပ်ပြထားပါသည်။












Adapted from: https://publicdomainvectors.org/en/free-clipart

## ၂.၅ အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်အကြောင်း မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်ခြင်း

ပြန်လည်သုံးသပ်ချက် - ယခုအခါ '**အပြုသဘောဆောင်သည့် စာသင်ခန်းဝန်းကျင်များ**'ကို မည်မျှကောင်းစွာ နားလည်သည်ဟု ထင်မြင်ပါသနည်း။ အောက်ပါစကေးမှ မိမိကိုအတိကျဆုံးဖော်ပြသည့် ကိန်းဂဏန်းတစ်ခုကိုရွေးပါ။ သင်ယူမှုဂျာနယ်တွင် ဖြေဆိုပါ။

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| **သိပ် မကောင်းပါ** | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | **အလွန်ကောင်း ပါသည်** |

## ၃. နိဂုံး

ဤသင်ရိုးပိုင်းတွင် အောက်ပါတို့ကိုလုပ်ဆောင်ခဲ့ပါသည်။

၁. သင်ယူသူတို့အတွက်ရလဒ်နှင့် အားထုတ်မှုတွင် အပြုသဘောဆောင်သည့်သင်ယူမှုဝန်းကျင် အဘယ်ကြောင့် အခရာကျကြောင်း ရှင်းပြခြင်း

၂. အပြုသဘောဆောင်သည့်သင်ယူမှုဝန်းကျင် ဖန်တီးနိုင်မည့် နည်းလမ်းများဆွေးနွေးခဲ့ပါသည်။

၃. မိမိကိုယ်ပိုင် အတွေးအမြင်၊ အစီအစဉ်များဖော်ဆောင်ခဲ့ပါသည်။

၄. အပြုသဘောဆောင်သည့်သင်ယူမှုဝန်းကျင်ဖန်တီးရာတွင် ဆရာ/မ၏ဩဇာညောင်းပုံကိုသုံးသပ်ခဲ့ပါသည်။

၅. သင်ယူသူအားလုံးအတွက် အပြုသဘောဆောင်သည့်သင်ယူမှုဝန်းကျင် ဖန်တီးမည့်နည်းလမ်းများအား စီစဉ်ခဲ့ပါသည်။

### ဤသင်ရိုးပိုင်းမှအဓိကအချက်များ

- သင်ယူသူတို့၏ပညာရေးရလဒ်၊ ၎င်းတို့၏လူမှုရေး၊ စိတ်ပိုင်းဆိုင်ရာသုခတို့အပေါ် အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ဖန်တီးမှုမှ သိသိသာသာသက်ရောက်မှုရှိပါသည် (သင်ရိုးပိုင်း ၉ တွင် လူမှုနှင့်စိတ်ပိုင်းဆိုင်ရာသုခအကြောင်း အာရုံစိုက်ပါမည်)။
- သင်ယူမှုဝန်းကျင်နှင့် သင်ယူသူတို့အတွေ့အကြုံအပေါ် ဆရာ/မတို့၏ သဘောထားနှင့်တန်ဖိုးထားမှုများ၊ သင်ယူသူတို့နှင့် အပြန်အလှန်ဆက်ဆံမှုတို့သည် သိသိသာသာ သက်ရောက်မှုရှိပါသည်။
- (ရှိသည့်နေရာ၊ အလင်းရောင်၊ လေဝင်လေထွက်ဟူသည့်)ရုပ်ပတ်ဝန်းကျင်သည် ကျောင်းသူ/သားများ စာသင်ခန်းအတွင်း ခံစားချက်အပေါ် သက်ရောက်မှုရှိပါသည်။
- နေ့စဉ်အလေ့အကျင့်အတွင်း ပုံမှန်လုပ်ငန်းများနှင့် စနစ်များချမှတ်ခြင်းဖြင့် ကြိုတင်မှန်းဆနိုင်၊ လုံခြုံစေနိုင်ကာ ကျောင်းသူ/သားများလည်း စိတ်ချလက်ချရှိပါမည်။

## ၄. သင်ရိုးပိုင်း ၅ - အဆုံးသတ်ပဟေဠိ

အောက်ပါမေးခွန်းများကို သင်ယူမှုဂျာနယ်တွင်ဖြေကြားပါ။ ရာနှုန်းပြည့် အောင်မြင်ရန် ကြိုက်သလောက် ကြိမ်ရေများများ ဖြေဆိုနိုင်ပါသည်။ အချို့မေးခွန်းအတွက်အဖြေတစ်ခုထက်ပိုပါသည်။

မေးခွန်း ၁ - အောက်ပါတို့အနက် မည်သည်က အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ကိုကူညီဖန်တီးနိုင်ပါသနည်း။ (၃ ခု ရွေးချယ်ပါ)

က) ကျောင်းသူ/သားများ လိုက်လုပ်နိုင်မည့် နေ့စဉ်ပုံမှန်လုပ်ငန်းများရှိခြင်း

ခ) ၆ ပတ်လျှင်တစ်ကြိမ် ကျောင်းသူ/သားများ အလုပ်အပေါ် တုံ့ပြန်သုံးသပ်ခြင်း

ဂ) အခင်ဆုံး ကျောင်းသူ/သားများကို အမည်တပ်ခေါ်ခြင်း

ဃ) အတန်းထဲအဝင် ကျောင်းသူ/သားတိုင်းကို နွေးထွေးစွာကြိုဆိုခြင်း

င) အတန်းငြိမ်သက်ပြီး ကျောင်းသူ/သားကို တစ်နေရာတည်းတွင် ထိုင်စေခြင်း

စ) ကျောင်းသူ/သားများ အမေးအဖြေလုပ်ရန်အားပေးခြင်း

မေးခွန်း ၂ - မည်သည့်ပုံမှန်လုပ်ငန်းက အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ကို ကူညီဖန်တီးနိုင်ပါသနည်း။ (၂ ခု ရွေးပါ)

က) မနက်တိုင်း သင်ယူသူများအား အတန်းတွင်းငြိမ်ငြိမ်သက်သက်ဝင်ရောက်စေခြင်း။ အခြားသင်ယူသူတို့ ရောက်အလာ သင်ပုန်းပေါ်တွင် လုပ်စရာတစ်ခုကို စလုပ်ထားကြပါမည်။

ခ) အတန်းအပြီး ကျောင်းသူ/သားအားလုံး အမြန်ထွက်လာကြသည်။ စားပွဲ ကုလားထိုင် ဝင်တိုက်မိပြီး အမြဲလိုလို တစ်ယောက်ယောက် အနာတရဖြစ်လေ့ရှိသည်။

ဂ) ဆရာ/မမှ လက်ထောင်ခိုင်းသည့်အခါ သင်ခန်းစာ ဆက်လုပ်နိုင်စေရန် ဖြေနေကျကလေးများကိုသာ ရွေးချယ်ပါသည်။ ထိုကလေးများက အဖြေကို အမြဲသိနေပုံရပါသည်။

ဃ) ဆရာ/မက ကျောင်းသူ/သားများကို ပြုံးပြပြီး ၎င်းတို့သင်ယူမှုအတွက် အားပေးပါသည်။ သင်ခန်းစာအပြီး သင်ယူထား သမျှကို ပြန်လည်သုံးသပ်ချိန်ရမည်ဖြစ်ကြောင်း ကျောင်းသူ/သားများ သိကြသည်။

မေးခွန်း ၃ - အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ကို ဖန်တီးရာတွင် အတန်းရှိနေရာကို ဆရာ/မတို့ မည်သို့ သုံးနိုင်ပါမည်နည်း။

က) သန့်ရှင်းသပ်ရပ်ပြီး လင်းသော အလုပ်ပတ်ဝန်းကျင်ဖန်တီးခြင်း

ခ) ကျောင်းသူ/သားများအိမ်မှ ပစ္စည်းများစွာ ယူလာစေခြင်း

ဂ) စျေးချိုသည့် စာအုပ်နှင့်ပစ္စည်းများကိုသာ ကျောင်းသူ/သားများကို သုံးခွင့်ပေးခြင်း

ဃ) ချစ်စရာတိရစ္ဆာန်ပိုစတာများစွာ ကပ်ထားခြင်း

မေးခွန်း ၄ - အောက်ပါတို့အနက် မည်သည်က အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ကို ဖော်ပြပါသနည်း။

က) သင်ယူသူတိုင်း အစမ်းစာမေးပွဲကောင်းကောင်းဖြေနိုင်သည့် စာသင်ခန်း

ခ) သင်ယူသူတိုင်း အမြဲတမ်းပျော်ရွှင်သည့် စာသင်ခန်း

ဂ) မိမိနှင့်သက်ဆိုင်သည်ဟု သင်ယူသူတိုင်းခံစားရသည့် စာသင်ခန်း

ဃ) သင်ယူသူတို့ အမြဲတိတ်ဆိတ်နေသည့် စာသင်ခန်း

မေးခွန်း ၅ - အားလုံးအကျုံးဝင်ပြီး အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တွင် ကျောင်းသူ/သားများ၏ မတူကွဲပြားမှုကို ...

က) လျစ်လျူရှုထားသည်

ခ) အပြစ်ပေးသည်

ဂ) အားမပေးပါ

ဃ) တန်ဖိုးထားသည်

## သင်ရိုးပိုင်း ၅ အဆုံးသတ်ပဟေဠိ အဖြေ

အဖြေကို**စာလုံးအမည်းရင့်**ဖြင့် ပေးထားသည်။

မေးခွန်း ၁ - အောက်ပါတို့အနက် မည်သည်က အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ကိုကူညီဖန်တီးနိုင်ပါသနည်း။ (၃ ခု ရွေးချယ်ပါ)

**က) ကျောင်းသူ/သားများ လိုက်လုပ်နိုင်မည့် နေ့စဉ်ပုံမှန်လုပ်ငန်းများရှိခြင်း**

ခ) ၆ ပတ်လျှင်တစ်ကြိမ် ကျောင်းသူ/သားများ အလုပ်အပေါ် တုံ့ပြန်သုံးသပ်ခြင်း

ဂ) အခင်ဆုံး ကျောင်းသူ/သားများကို အမည်တပ်ခေါ်ခြင်း

**ဃ) အတန်းထဲအဝင် ကျောင်းသူ/သားတိုင်းကို နွေးထွေးစွာကြိုဆိုခြင်း**

င) အတန်းငြိမ်သက်ပြီး ကျောင်းသူ/သားကို တစ်နေရာတည်းတွင် ထိုင်စေခြင်း

**စ) ကျောင်းသူ/သားများ အမေးအဖြေလုပ်ရန်အားပေးခြင်း**

ရှင်းလင်းချက် - အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင် ဖန်တီးရာတွင် ကျောင်းနှင့်စာသင်ခန်း ပတ်ဝန်းကျင်သာမက ဆရာ/မနှင့် ကျောင်းသူ/သားများအကြား ကောင်းမွန်သည့်ဆက်ဆံရေးလည်းပါဝင်ပါသည်။ ပတ်ဝန်းကျင်ကို ကျောင်းသူ/သား အားလုံးအတွက် စိတ်ဝင်စားဖွယ်ကောင်းကာ လုံခြုံပြီး ပျော်ရွှင်စရာကောင်းအောင် သောက်ရေ၊ အပင်အစရှိသည့်သဘာဝ ပစ္စည်းများ၊ ကျောင်းသူ/သားများလက်ရာပြသထားခြင်းတို့ကို ထည့်သွင်းပြီး ၎င်းတို့အလုပ်လုပ်သည့်နေရာနှင့်လုပ်နည်းကို ပြုပြင်ပြောင်းလဲလွယ်အောင် ခွင့်ပြုခြင်းတို့ဖြင့်လုပ်ဆောင်နိုင်ပါသည်။ ထို့အပြင် ဆရာ/မနှင့် ကျောင်းသူ/သားများအကြား ကောင်းမွန်သည့်ဆက်ဆံရေးသည် ကျောင်းသူ/သားကို တန်ဖိုးထားကြိုဆိုရာရောက်သောကြောင့် ကျောင်းတက်ချင်ပါမည်။

မေးခွန်း ၂ - မည်သည့်ပုံမှန်လုပ်ငန်းက အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ကို ကူညီဖန်တီးနိုင်ပါသနည်း။ (၂ ခု ရွေးပါ)

**က) မနက်တိုင်း သင်ယူသူများအား အတန်းတွင်းငြိမ်ငြိမ်သက်သက်ဝင်ရောက်စေခြင်း။ အခြားသင်ယူသူတို့ ရောက်အလာ သင်ပုန်းပေါ်တွင် လုပ်စရာတစ်ခုကို စလုပ်ထားကြပါမည်။**

ခ) အတန်းအပြီး ကျောင်းသူ/သားအားလုံး အမြန်ထွက်လာကြသည်။ စားပွဲ ကုလားထိုင် ဝင်တိုက်မိပြီး အမြဲလိုလို တစ်ယောက်ယောက် အနာတရဖြစ်လေ့ရှိသည်။

ဂ) ဆရာ/မမှ လက်ထောင်ခိုင်းသည့်အခါ သင်ခန်းစာ ဆက်လုပ်နိုင်စေရန် ဖြေနေကျကလေးများကိုသာ ရွေးချယ်ပါသည်။ ထိုကလေးများက အဖြေကို အမြဲသိနေပုံရပါသည်။

**ဃ) ဆရာ/မက ကျောင်းသူ/သားများကို ပြုံးပြပြီး ၎င်းတို့သင်ယူမှုအတွက် အားပေးပါသည်။ သင်ခန်းစာအပြီး သင်ယူထားသမျှကို ပြန်လည်သုံးသပ်ချိန်ရမည်ဖြစ်ကြောင်း ကျောင်းသူ/သားများ သိကြသည်။**

ရှင်းလင်းချက် - ပုံမှန်လုပ်ငန်းများကြောင့် ကြိုတင်သိရှိမှု၊ လုံခြုံမှုရှိပြီး ကျောင်းသူ/သားများ စိတ်ချလက်ချဖြစ်ပါမည်။ ထိရောက်သော ပုံမှန်လုပ်ငန်းများကြောင့် အပြုအမူပိုမိုကောင်းမွန်တိုးတက်ပြီး အချိုးအလေ့အကျင့်များကို တည်ငြိမ်စွာ တစ်သမတ်တည်း ဆောင်ရွက်စေနိုင်ပါမည်။ တစ်နေ့တာကို တည်ငြိမ်စွာစတင်ပြီး အလုပ်လုပ်စေလျှင် ထိုနေ့အတွက် လုပ်ပုံကိုင်ပုံ သတ်မှတ်ပြီး ဖြစ်သည်။ သင်ယူမှုကို ပြန်လည်သုံးသပ်ရန် အခွင့်ရှိကြောင်း ကျောင်းသူ/သားများသိလျှင် သင်ခန်းစာ/သင်ယူမှုတို့ ဆက်တိုက်ဖြစ်ပေါ်နေကြောင်း၊ နောက်တစ်ကြိမ်ထပ်ကြိုးစားနိုင်ကြောင်း သိနိုင်ပါသည်။

မေးခွန်း ၃ - အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ကို ဖန်တီးရာတွင် အတန်းရှိနေရာကို ဆရာ/မတို့ မည်သို့ သုံးနိုင်ပါမည်နည်း။

**က) သန့်ရှင်းသပ်ရပ်ပြီး လင်းသော အလုပ်ပတ်ဝန်းကျင်ဖန်တီးခြင်း**

ခ) ကျောင်းသူ/သားများအိမ်မှ ပစ္စည်းများစွာ ယူလာစေခြင်း

ဂ) ဈေးချိုသည့် စာအုပ်နှင့်ပစ္စည်းများကိုသာ ကျောင်းသူ/သားများကို သုံးခွင့်ပေးခြင်း

ဃ) ချစ်စရာတိရစ္ဆာန်ပိုစတာများစွာ ကပ်ထားခြင်း

ရှင်းလင်းချက် - ကျောင်းသူ/သားများတိုင်း အိမ်မှပစ္စည်းယူလာနိုင်မည်မဟုတ်သောကြောင့် တရားမျှတမည် မဟုတ်သလို တိရစ္ဆာန်ပိုစတာများက ချစ်စရာကောင်းသော်လည်း သင်ယူမှုအပေါ်သက်ရောက်မှုကို ဆရာ/မတို့ သုံးသပ်ရပါမည်။ အရင်းအမြစ်များကို မည်သို့အသုံးပြုပြီးအလေးထားရမည်ကို ပြသလျှင် ကျောင်းသူ/သားများသည် ယင်းတို့ကိုဂရုစိုက်မည်ဖြစ်သည်။ စာအုပ်ဟောင်းများ၊ ပစည်းဟောင်းများကိုသာ သုံးခွင့်ပေးလျှင် သူတို့ကိုယုံကြည်ပြီး ကျောင်းကပံ့ပိုးပေးသော အကောင်းဆုံးပစ္စည်းများကိုသုံးနိုင်ကြောင်းဆိုသည့် မှန်ကန်သည့်ဆိုလိုရင်းကို သူတို့အားမသိစေနိုင်ပါ။ အလင်းရောင်ရသည့် နေရာအများစုကို ကျောင်းသူ/သားများ လေ့လာသင်ယူရန် သန့်ရှင်းရေးလုပ်ကာ စီစဉ်နိုင်ပါသည်။

မေးခွန်း ၄ - အောက်ပါတို့အနက် မည်သည်က အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ကို ဖော်ပြပါသနည်း။

က) သင်ယူသူတိုင်း အစမ်းစာမေးပွဲကောင်းကောင်းဖြေနိုင်သည့် စာသင်ခန်း

ခ) သင်ယူသူတိုင်း အမြဲတမ်းပျော်ရွှင်သည့် စာသင်ခန်း

**ဂ) မိမိနှင့်သက်ဆိုင်သည်ဟု သင်ယူသူတိုင်းခံစားရသည့် စာသင်ခန်း**

ဃ) သင်ယူသူတို့ အမြဲတိတ်ဆိတ်နေသည့် စာသင်ခန်း

ရှင်းလင်းချက် - အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တွင် (ဆရာ/မအပါအဝင်) လူတိုင်းအကောင်းမြင်ပြီး အမြဲတမ်းပြုံးနေရမည်ဟု မဆိုလိုပါ။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းသူ/သားအားလုံး အမြဲတမ်း စာမေးပွဲကောင်းကောင်းဖြေနိုင်မည် မဟုတ်ပါ။ အတန်းတွင်းတွင် ၎င်းတို့ကို တန်ဖိုးထားပြီးကြိုဆိုကြောင်း ကျောင်းသူ/သားများ ခံစားကြရန် အရေးကြီးပါသည်။ အတန်းသည် ရံဖန်ရံခါ တိတ်ဆိတ်နိုင်သော်လည်း အချို့အချိန်တွင် ကျောင်းသူ/သားများ အုပ်စုဖွဲ့လုပ်ဆောင်ကာ (သင်ရိုးပိုင်း ၄) ၎င်းတို့စာကို ဆွေးနွေးကောင်းဆွေးနွေးကြပါမည်။

မေးခွန်း ၅ - အားလုံးအကျုံးဝင်ပြီး အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တွင် ကျောင်းသူ/သားများ၏ မတူကွဲပြားမှုကို ...

က) လျစ်လျူရှုထားသည်

ခ) အပြစ်ပေးသည်

ဂ) အားမပေးပါ

**ဃ) တန်ဖိုးထားသည်**

ရှင်းလင်းချက် – ကျောင်းသူ/သားအားလုံး မည်သူမဆို ဆရာ/မက တန်ဖိုးထားရပါမည်။

## ၅. သင်ကြားသင်ယူရေးကို ပိုမိုတိုးတက်ကောင်းမွန်စေခြင်း

**လုပ်ဆောင်ချက် ၅.၉ မိမိ၏သင်ကြားရေးအလေ့အကျင့်ကို ပိုမိုတိုးတက်ကောင်းမွန်စေခြင်း (၃၀ မိနစ်)**

စောစောပိုင်းက ပြီးခဲ့သည့် လုပ်ဆောင်ချက်အဖြေများကို ပြန်လည်သုံးသပ်ရန် အရေးကြီးပါသည်။

အခင်းအကျင်း – ဌာနမှူးက သင်နှင့်တွေ့ဆုံပြီး အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ကို မည်ကဲ့သို့ ဖန်တီးနေကြောင်း မေးမြန်းလိုပါသည်။ အောက်ပါမေးခွန်းများကို  ဌာနမှူးက သေသေချာချာစဉ်းစားစေပါမည်။ သင်ယူမှု ဂျာနယ်တွင် မှတ်စုရေးပါ။

**သင့်အတန်းတွင်းသင်ယူသူတို့အတွက် အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ဖန်တီးရန် မည်သို့လုပ်ဆောင်ပါသနည်း။**

- သင်ယူသူတို့နှင့်အပြန်အလှန်ဆက်ဆံရာတွင် ၎င်းတို့တစ်ဦးချင်းကို တန်ဖိုးထားကြောင်း မည်ကဲ့သို့ ပြသပါသနည်း။ မည်ကဲ့သို့ ပြောဆိုပြုမူပါမည်နည်း။
- ရှိသည့်နေရာကို မည်သို့စီစဉ်ပါမည်နည်း။
- သင်ယူသူတို့လုံခြုံပြီးသက်တောင့်သက်သာရှိစေရန် မည်သည့်ပုံမှန်လုပ်ငန်းများ သတ်မှတ်ထားပါသနည်း။

# မိမိ၏ကျောင်းသူ/သားများအတွက် ပဋိညာဉ်ကတိ

1. **စီစဉ်ပါ** — စာသင်ခန်းအတွင်း ဤသင်ရိုးပိုင်းမှ မိမိသုံးမည့် အားလုံးအကျုံးဝင် အလေ့အကျင့် အတွေးအမြင်တစ်ခုအကြောင်းကို **စဉ်းစားပါ။**
2. **လုပ်ဆောင်ပါ** — အားလုံးအကျုံးဝင်အလေ့အကျင့်ကို နောက် 'x'အပတ်အတွင်း တိုးတက်အောင်လုပ်မည်ဟု မိမိ၏ကျောင်းသူ/သားများကို **ကတိပေးပါ။**
3. **သုံးသပ်ပါ** — 'x' အပတ်အတွင်း မိမိ၏အတွေးအမြင်များကြောင့် အလေ့အကျင့် တိုးတက်လာခြင်း ရှိမရှိ ကျောင်းသူ/သားနှင့်အတူ **သုံးသပ်အကဲဖြတ်ပါ။**

**သင်ယူမှုဂျာနယ်ရှိ 'ကတိများ'အပိုင်းတွင် သင့်ပဋိညာဉ်ကတိကိုထည့်လိုက်ပါ။**

**သင်ရိုးပိုင်းတစ်ပိုင်းစီတွင် သင်ယူသူတို့ထံပေးသည့် ကတိတစ်ခုစီရှိပါမည် - စုစုပေါင်း ကတိ ၁၅ ခု ပေးရပါမည်။**

## References

Children's Literacy Initiative (2018) - Best Teacher Practices Positive Classroom Culture YouTube - https://www.youtube.com/watch?v=ZEZBBFUqJws

McLeod, S (2020) Simply Psychology – Maslow's Hierarchy of Needs
https://www.simplypsychology.org/maslow.html

UNESCO (2015) 'Managing Inclusive Learner Friendly Classrooms.'
Booklet 5 Section 5.2 and 5.3.
Available online at:
https://unesdoc.unesco.org/ark:/48223/pf0000137522

## နောက်ဆက်တွဲ ၁

**စာ ၁ (ပိုမိုလွယ်ကူသည့်မှု)** – မတူကွဲပြားမှုကိုကြိုဆိုလက်ခံခြင်း - အားလုံးအကျုံးဝင်၊ သင်ယူသူနှင့်ရင်းနှီးသည့် စာသင်ခန်းများ ခန့်ခွဲခြင်း **စာအုပ်ငယ် ၅** ကို မှီငြမ်းသည့်စာပိုဒ်ဖြစ်ပါသည်။

### အကျဉ်း - အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ဖန်တီးခြင်း

သင်ရိုးပိုင်း ၁၊ ၂၊ ၃ တို့တွင် အောက်ပါတို့ကို လေ့လာခဲ့ပါပြီ။

၁. အားလုံးအကျုံးဝင်အလေ့အကျင့်အကြောင်း

၂. သင်ယူသူတို့အကြောင်းသိရှိခြင်း၊ အားလုံးအကျုံးဝင်ပြီး အာရုံအမျိုးမျိုးပါဝင်သည့် အရင်းအမြစ်များကို အသုံးပြုခြင်း၊ ကောင်းမွန်သည့် သင်ယူမှုရလဒ်ရေးသားခြင်း၊ အဆင့်ဆင့် သင်ယူမှုအကြောင်း တွေးတောခြင်းတို့ဖြင့် **သင်ယူသူအားလုံးကို ထည့်သွင်းစဉ်းစားကာ စီစဉ်ထားသည့်သင်ကြားရေး**

သင်ရိုးပိုင်း ၄ တွင် အောက်ပါတို့ကိုစတင်ကြည့်ရှုခဲ့ပါသည်-

၃. သင်ယူသူဗဟိုပြုချဉ်းကပ်မှု(LCA)နှင့် ထိရောက်သော အုပ်စုဖွဲ့လုပ်ဆောင်ချက်တို့ဖြင့် **သင်ယူသူတို့အားလုံးပါဝင်လာစေမည့် သင်ခန်းစာများ**

ဤသင်ရိုးပိုင်းတွင် ကျောင်းနှင့်စာသင်ခန်း**ဝန်းကျင်**ကို သုံးသပ်လျက် ကျောင်းသူကျောင်းသားအားလုံး ပါဝင်လာရေးကို ဆက်လက်လေ့လာခဲ့ပါသည်။ ကလေးများအားလုံး ထိရောက်စွာ**သင်ယူ**နိုင်မည့် ဝန်းကျင်တစ်ရပ်ဖန်တီးရန် လိုအပ်ပါသည်။ **သင်ကြားရေးထက် သင်ယူမှုကို** အလေးထားပါသည်။ အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ကို ဖန်တီးခြင်းဖြင့် ကလေးများအာရုံစိုက်ပြီး ၎င်းတို့သင်ယူမှုကို အပြည့်အဝစဉ်းစားနိုင်ပါမည်။ ဤသည်ကို မည်သို့ လုပ်ဆောင်နိုင်ပါ မည်နည်း။

### အတန်းတွင်း ပုံမှန်လုပ်ငန်းများ

တစ်နေ့တာအစတွင် ကလေးများ မြန်မြန်ဆန်ဆန်နှင့်ကောင်းကောင်းမွန်မွန် စတင်လုပ်ဆောင်နိုင်ရေးကို အတန်းတွင်းပုံမှန်လုပ်ငန်းများမှ ကူညီပေးနိုင်ပါသည်။ **ပုံမှန်လုပ်ငန်းများ**ဟူသည်မှာ ကလေးများ ထွေထွေထူးထူး တွေးစရာမလိုဘဲ လိုက်နာနိုင်သည့် **ပုံစံ**ဖြစ်ပါသည်။ ၎င်းတို့ခေါင်းထဲတွင် သင်ယူမှုကိုသာ အာရုံစိုက်စေနိုင်မည့် အခွင့်အရေးဖြစ်ပါသည်။

ဖော်ဆောင်နိုင်မည့် ပုံမှန်လုပ်ငန်းဥပမာအချို့မှာ

- နောက်ကျရောက်လျှင်မည်သို့လုပ်ရန် လိုပါသနည်း။
- အရင်းအမြစ်ကိုမည်သို့ပေး၍မည်ကဲ့သို့သိမ်းထားပါသနည်း။ မည်သည့်အခါတွင်မည်သို့လုပ်ရမည်မှန်း ကလေးများ သိရန် အလုပ်ကြည့်ကျတာဝန်ချပါ။
- ဖတ်နိုင်သည့် အချိန်ဇယား
- အချင်းချင်း ပံ့ပိုးကူညီမှု - ၎င်းကို မည်သည့်အခါတွင် သုံးရန်
- သင်ယူသူတို့လုပ်ဆောင်ချက်ပြီးလျှင် ဘာလုပ်ရပါမည်နည်း။
- အတန်းတွင်း ဆူညံမှုကို မည်မျှ လက်ခံနိုင်ပါသနည်း။
- မေးခွန်းဖြေဆိုပုံ

ကလေးများ သင်ယူမှုတွင် ပါဝင်လာရန် ၎င်းတို့သည် အတန်းတွင်းပုံမှန်လုပ်ငန်းများကို ကူညီဖော်ဆောင်သင့်ပါသည်။

| |
|---|
| ၁) အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ဖန်တီးရာတွင် အဘယ်ကြောင့်အတန်းတွင်းပုံမှန်လုပ်ငန်း အရေးကြီးပါသနည်း။ |

## အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ဖန်တီးရန် ရှိသည့်အရင်းအမြစ်များကို အကောင်းဆုံးအသုံးပြုခြင်း

အောင်မြင်သည့် ဆရာ/မများသည် ကလေးများ**အားလုံးအ**တွက် **စိတ်ဝင်စားဖွယ်သင်ယူမှုဝန်းကျင်**ကို ထိန်းသိမ်းနိုင်ပါသည်။ ၎င်းတို့၏စာသင်ခန်းမှာ **စိတ်လှုပ်ရှားဖွယ်**ရှိပြီး **လှုံ့ဆော်နှိုးဆွ**လျက်ရှိပါသည်။ သင်ယူမှုပစ္စည်းများရှားပါးပြီး ပရိဘောဂများ မကောင်းခဲ့လျှင်ပင် စာသင်ခန်းကို သပ်ရပ်သန့်ရှင်းအောင်စီစဉ်ကာ စိတ်ဝင်စားဖွယ်ဖြစ်စေနိုင်ပါသည်။ အားလုံးအတွက် သင်ယူမှုဝန်းကျင်ကို အပြုသဘောဆောင်စေရန် သင်ယူမှုအရင်းအမြစ်များနှင့် ကိရိယာများကို မည်ကဲ့သို့ အကောင်းဆုံး သုံးနိုင်ကြောင်း ဆရာ/မတို့ ဆင်ခြင်သုံးသပ်သင့်ပါသည်။

အောက်ပါအတွေးအမြင်များ အပါအဝင်

- လုပ်ဆောင်ချက်အမျိုးမျိုးအတွက် ရွှေ့လျားနိုင်သည် စားပွဲ၊ ကုလားထိုင်များ
- သင်ပုန်း/စာရွက်ချပ်ကြီးအပို (သို့) စာရေးရန်သင့်တော်သည့် မျက်နှာပြင်
- ကလေးများလက်ရာပြသရန် လုံလောက်သည့်စိတ်ဝင်စားဖွယ်နေရာ
- သင်ယူမှုအတွက်သီးသန့်နေရာများ (သို့) သီးသန့်အကြောင်းအရာများအတွက် နေရာများ
- စာသင်ခန်းမပျက်စီးအောင် မိဘ၊ ရပ်ရွာလူထုနှင့်အတူတူကာကွယ်မှု
- အာရုံအမျိုးမျိုးသုံးသည့် သင်ယူမှုအရင်းအမြစ်မျိုးစုံကို မိဘ၊ ရပ်ရွာလူထုနှင့်အတူ စုဆောင်းလုပ်ဆောင်မှု

| |
|---|
| ၂) ကျောင်းနှင့်စာသင်ခန်းအတွင်းအရင်းအမြစ်များကို ဆရာ/မတို့ပြန်လှန်သုံးသပ်ရန် အဘယ်ကြောင့် အရေးကြီးပါသနည်း။ |

## ရှိသည့်နေရာ

**သွားလာလှုပ်ရှားရန်နေရာ** - သင်ယူမှုလုပ်ဆောင်ချက်များရှိ အပြောင်းအလဲများနှင့်အတူ ကလေးများအတန်းတွင်း လုံခြုံစွာ ရွှေ့လျားသွားလာရန်လိုအပ်ပါသည်။ ခန္ဓာကိုယ်မသန်စွမ်းသည့် ကလေးများအတွက် အတန်းတွင်းနေရာများထံ သွားလာနိုင်ရန် အလွန်ရေးကြီးသည်။ ကလေးများအား အုပ်စုဖွဲ့သည့်အခါ **မတူကွဲပြားမှု**အားလုံး အကျုံးဝင်ရန် မဖြစ် မနေ လုပ်ဆောင်ရပါမည်။

**အလင်း၊ အပူနှင့်လေဝင်လေထွက်** - သင်ယူသူတို့အပေါ်နေပူထိုးသည့်အကြောင်းတွေးပါ။ အိုက်လှောင်နေသည့် စာသင်ခန်းမှ **လေကောင်းလေသန့်**ရရာသို့ ပြောင်းရွှေ့ရန် စဉ်းစားပါ။ ကလေးများအား **အလှည့်ကျ နေရာပြောင်းပြီး** ထိုင်ခိုင်းပါ။ ကလေးများအတွက် နေရာစီစဉ်ရာတွင် ၎င်းတို့အားလုံး မြင်နိုင် ကြားနိုင်ကြပါစေ။ **ပန်ကာ**ရနိုင်လျှင်သုံးပါ။

**သင်ယူမှုအတွက်သီးသန့်နေရာများ** - အကြောင်းအရာသတ်မှတ်ထားသည့် နေရာများ ထားနိုင်ပါသည်။ သင်ယူမှုကို နှိုးဆွပေးမည့် အရင်းအမြစ်များကို ကလေးများကိုယ်တိုင် **စုဆောင်းဖန်တီး**နိုင်ပါသည်။ ကလေးများအား ၎င်းတို့၏ **နေ့စဉ်ဘဝနှင့်ရပ်ရွာကို ချိတ်ဆက်ပေး**မည့် အသိသညာများကို အရင်းအမြစ်များဖြင့် ကူညီသင်ကြားပေးနိုင်ပါသည်။

**ပြသရန်နေရာ** - **ကလေးများ၏လက်ရာ**များကို ပြသထားသည့်နေရာများ သတ်မှတ်ထားခြင်းဖြင့် ၎င်းတို့ **မိမိကိုယ်ကို** ပိုမို**တန်ဖိုးထား**လာပါမည်။ သူတို့လက်ရာများကိုပြသထားလျှင် ဂုဏ်ယူနိုင်ပါမည်။ **အချင်းချင်း**လက်ရာကို အပြသဘော ဆောင်ကာ **သုံးသပ်**နိုင်မည့် နေရာကောင်းတစ်ခုလည်းဖြစ်ပါသည်။

**အတန်းစာကြည့်တိုက်** - ကျေးလက်ဒေသတွင် စာကြည့်တိုက်မရှိနိုင်ပါ။ ကဒ်ထူပုံးကို အလှဆင်ပြီး စာအုပ်ထည့်ထားခြင်းဖြင့် အလွယ်တကူဖန်တီးနိုင်ပါသည်။ ကလေးများကိုယ်တိုင် စာအုပ်များလုပ်ပြီး ဂုဏ်ယူနိုင်ပါသည်။ အမြင်အာရုံအားနည်းသူများသည် စာမျက်နှာတွင် ကော်ဖြင့်ပစ္စည်းများကပ်ပြီး ထိတွေ့ပြီးစမ်းကာ လေ့လာနိုင်ပါသည်။ ထို့ပြင် စာအုပ်များအား ထိန်းသိမ်းပုံ အတွေ့အကြုံကိုလည်း ရရှိပါသည်။

| |
|---|
| ၃) အထက်ပါတို့အနက်မှ ပိုမိုစေ့စပ်စွာ တွေးတောရန်လိုအပ်သည့် နယ်ပယ်နှစ်ခုမှာ အဘယ်နည်း။ |